# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ်(၁၈၅)


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေး ကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၅/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)**
**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)တီခွန်မြတ်**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၃/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၃/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)**
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ် ၁၀၀ ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော် စတင်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ် (၁၀၀) ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယနေ့ညနေပိုင်းမှစ၍ အောက်တိုဘာ ၂၅ ရက်အထိ ပျဉ်းမနားမြို့ ရှမ်းကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသိန်းသန်းဦးက "အခုပွဲတော်မှာ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြပွဲ၊ မြန်မာ့သိုင်းအလှပြပွဲ၊ ဗုဒ္ဓဝင်ပြခန်း၊ ပန်းချီပြခန်း၊ ပျဉ်းမနားမြို့နယ်က ထင်ရှားကျော်ကြားတဲ့ အထင်ကရပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံပြခန်း၊ ဒေသထွက်ကုန်ပြခန်းအပါအဝင် ပြခန်းပေါင်း ၅၀ ကျော်ကို ခင်းကျင်းပြသသွားမှာပါ"ဟု ပြောသည်။

ရှမ်းကန်ပတ်ဝန်းကျင်၌လည်း နှစ် (၁၀၀) ပြည့်အဖြစ် ရောင်စုံမီးအလှများကို ထွန်းညှိထားပြီး ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❄

**ပျဉ်းမနားမြို့ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လည်ပတ်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

ဓာတ်ပုံ-ကျော်ရဲဆွေ


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မူးယစ်ဆေးဝါးပြဿနာ ပြည်သူအားဖြင့် အဖြေရှာ

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်သူများ၏ ပြန်လည်ထူထောင်ရေးစခန်းသို့ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။ ဤနှုတ်ခွန်းဆက်စကား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးစွဲသူများနှင့် မူးယစ်ဆေးဝါးပြဿနာတို့အပေါ် နိုင်ငံသူ နိုင်ငံသားတို့ ထားရှိသင့်သော သဘောထားတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးစွဲသူများထဲမှ လူငယ်ဖြစ်စေ၊ လူလတ်ဖြစ်စေ ပြန်လည်ထူထောင်နိုင်ရေးက ပြည်သူအားလုံးနှင့် သက်ဆိုင်နေသည်ကို ညွှန်ပြဆွေးနွေးခဲ့ပါသည်။ ပြည်သူဆိုရာ၌လည်း ကိုးကွယ်ယုံကြည်ရာဘာသာ၊ လူမျိုး၊ နိုင်ငံရေးအယူအဆတို့အပေါ် မူတည်ခြင်းမပြု၊ လူတိုင်းလူတိုင်းနှင့် သက်ဆိုင်နေသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်ပါတည်း ထောက်ပြခဲ့ပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်ရာ၌ ပြည်သူတို့သည် လူသားချင်း စာနာသောစိတ်အပေါ် အခြေခံလျက် မိမိ၏လူမှုဝန်းကျင် တည်ငြိမ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထပ်ဆင့်ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြသကဲ့သို့ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများပင် အပြီးအပြတ် မဖြေရှင်းနိုင်သော အခြေအနေမျိုး၌ ဖွံ့ဖြိုးစနိုင်ငံများအနေဖြင့် ပို၍ပို၍ ခက်ခဲစွာ ရင်ဆိုင်ဖြေရှင်းရပါသည်။ ဤအချက်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြု ပြောကြားခဲ့သည့်နည်းတူ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ပင်ကိုသဘာဝစိတ်ဓာတ်က မူးယစ်ဆေးဝါးပြဿနာအား ဖြေရှင်းရာ၌ အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်နေသည်ကို လေးလေးနက်နက် ဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “တစ်ဖက်က ကျွန်မတို့ ပြည်သူ ပြည်သားတွေရဲ့မျှဝေချင်တဲ့စိတ် ထက်သန်ခြင်းကြောင့် ဒီကိစ္စတွေကို ကျွန်မတို့ ကိုင်တွယ်တဲ့နေရာမှာ အားသာချက်တွေ ရှိပါတယ်။ အားသာချက်က ပေးချင်ကမ်းချင်တဲ့စိတ်၊ ကုသိုလ်ပြုချင်တဲ့စိတ်ပါ။ ကောင်းတဲ့အမှုတွေကို ပြုချင်တဲ့စိတ်၊ လှူဒါန်းချင်တဲ့စိတ်ပါ။ လှူဒါန်းချင်တယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာ ငွေရေးကြေးရေးအရ လှူဒါန်းတာတို့၊ ပစ္စည်းလှူတာတို့ အဲဒီဟာတွေထက်ပိုပြီး အရေးကြီးတာက ကိုယ့်ရဲ့စွမ်းအား၊ ကိုယ့်ရဲ့အချိန်၊ ကိုယ့်ရဲ့မေတ္တာ၊ စေတနာတွေကို ရင်းနှီးပြီးတော့ လုပ်ပေးတာဟာ အင်မတန်မှ အရေးကြီးပါတယ်” ဟု ဆွေးနွေးပြီး မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဂုဏ်ယူဖွယ်စိတ်ဓာတ်ကို မီးမောင်းထိုး တင်ပြခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးဖြတ်ရာ၌ မိသားစု၊ မိတ်ဆွေတို့၏ နွေးထွေးဖေးမမှုက အရေးပါသည်ကို ထောက်ပြလျက် မူးယစ်ဆေးပြတ်ပြီးသူများ၏ ပြန်လည်ထူထောင်ရေးစခန်း အောင်မြင်ရေးအတွက် ပြည်သူတို့က နည်းမျိုးစုံဖြင့် ဘက်စုံပံ့ပိုးကူညီရန် လှုံ့ဆော်စည်းရုံးတင်ပြဆွေးနွေးခဲ့ပါသည်။ ဤပြန်လည်ထူထောင်ရေးစခန်းနှင့် ဆက်စပ်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ပြည်သူလူထုက တက်တက်ကြွကြွနဲ့ ပါဝင်ပတ်သက်မှုမရှိရင် ဘယ်လုပ်ငန်းမှ မအောင်မြင်နိုင်ပါဘူး။ ဘယ်အစိုးရကမှ ပြည်သူလူထုရဲ့ထောက်ပံ့မှုမရှိဘဲနဲ့ အောင်မြင်မှုမရနိုင်ပါဘူး။ ဘယ်လောက်ပဲ အတော်ဆုံးလူတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရဖြစ်စေ ပြည်သူလူထုရဲ့ ထောက်ပံ့မှု၊ ကူညီဝိုင်းဝန်းမှုနဲ့သာ အောင်မြင်မှုရနိုင်ပါတယ်”ဟု ပြောကြားခဲ့ခြင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်း ဖော်ဆောင်ရေး၏ နိုင်ငံရေးအနှစ်သာရကို ဖော်ကျူးလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(သံတွဲမြို့)
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## ထိုင်းသာသနာပြုအဖွဲ့က မြဘုရားသုံးဆူ ရေစက်ချလှူဒါန်း

ဂွ အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံမှ သာသနာပြုအဖွဲ့သည် ဂွမြို့ ရွှေယချိုင်ကျေးရွာ သာစုဇနာနန္ဒတောင်ပေါ်ကျောင်းတိုက်ဆရာတော် ဦးခေမိန္ဒ ထံသို့ ဉာဏ်တော် ငါးပေ ခြောက်လက်မရှိ (နွေ/မိုး/ဆောင်း) မြဘုရားသုံးဆူ ရေစက်ချလှူဒါန်းခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ထို့နောက် မြဘုရားသုံးဆူကို အနေကဇာတင်ခြင်း၊ မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ငါးပါးသီလပေးခြင်းနှင့် ရေစက်သွန်းချ အမျှဝေခြင်းတို့ကို ဆရာတော် ဦးခေမိန္ဒနှင့် ပင့်သံဃာကိုးပါးတို့က ဟောကြားတော်မူခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ဓာတ်ငွေ့အင်ဂျင်သုံးဓာတ်အားပေးစက်ရုံတွင် တပ်ဆင်မည့် ဓာတ်ငွေ့အင်ဂျင်အသစ် ၆၄ လုံးနှင့် ဆက်စပ်ပစ္စည်းများသယ်ယူမှု ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၁၉ ခုနှစ် နွေရာသီအမီ ဓာတ်အားထုတ်လုပ်နိုင်ရေးရည်ရွယ်၍ ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အသုံးပြုမည့် ဂျာမနီနိုင်ငံထုတ် MTU အမျိုးအစား 1.56 MW Gas Engine အသစ် ၆၄ လုံးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှ စီမံကိန်းလုပ်ငန်းခွင်သို့ အောက်တိုဘာ ၁၈ ရက်ကစတင်ပြီး အသုတ်ခွဲ၍ သယ်ယူပို့ဆောင်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်က နေပြည်တော် ဘောဂသီရိကားကြီးကွင်းအနီး ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၃/၅)၌ ပထမအသုတ် ရောက်ရှိလာသော Gas Engine များအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ) သတင်းစဉ်




# သီတင်းကျွတ်လပြည့်နေ့အကြို စစ်တွေမြို့ပေါ်ရပ်ကွက်အသီးသီး၌ ရခိုင်ရိုးရာအရုပ်ကြီးများ စတင်လှည့်လည်

စစ်တွေ အောက်တိုဘာ ၂၁

ရခိုင်ရိုးရာအစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ဆီမီးထွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန်အတွက် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ရခိုင်ရိုးရာအရုပ်ကြီးများဖြင့် လှည့်လည်အလှူငွေကောက်ခံလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

“ကျွန်တော်တို့ သီတင်းကျွတ်လပြည့်နေ့ပွဲတော်အတွက် ရခိုင်ရိုးရာအရုပ်ကြီး လှည့်လည်နေတာ ဖြစ်ပါတယ်။ တစ်နှစ်တစ်ခါကျင်းပတဲ့ သီတင်းကျွတ်ပွဲတော်အတွက် အခုလို စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှာ အရုပ်ကြီးတွေနဲ့ လှည့်လည်ပြီး အလှူငွေတွေ ကောက်ခံနေတာဖြစ်ပါတယ်”ဟု ပါဝင်လှည့်လည်သူ ကိုစူပါမန်က ပြောသည်။

စစ်တွေမြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲ (ဗုဒ္ဓပူဇနိယ) ဘာသာရေးပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ပွဲတော်ကျင်းပရေးကော်မတီမှ ဦးစီး၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ ဦးဆောင်မှုဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် စစ်တွေမြို့ ဝဏ်ပါကွင်းကြီး၌ နံနက် ၉ နာရီတွင် ပင့်သံဃာတော်အပါး ၅၅၀ အား ဆွမ်း၊ ငါးဟင်းထုပ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာရှင်၊ အလှူရှင်များက လောင်းလှူသွားမည်ဖြစ်ကြောင်း မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူရေးကော်မတီဝင် တစ်ဦးက ပြောသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဌာနဆိုင်ရာနှင့် ပြည်သူများအား တွေ့ဆုံ



နောင်ချို အောက်တိုဘာ ၂၁

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၁ ရက်က နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာခန်းမ၌ ကျင်းပသည်။** (ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော် အတွေ့အကြုံများကို လည်းကောင်း၊ ကျေးလက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ကြပ် မျိုးမင်းထွန်းက မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက မိမိတို့၏ ကျေးရွာအတွက် လိုအပ်ချက်များကို ဆွေးနွေး တင်ပြကြရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ယနေ့ အခမ်းအနားသို့ ဆမ္မဆယ်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ကျေးရွာပြည်သူလူထု ၃၀၀ ခန့်တက်ရောက်ခဲ့ကြသည်။


**နောင်ချို (ပြန်/ဆက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration (NEA)၏ Deputy Administrator, Mr. Li Fanrong တို့သည် အောက်တိုဘာ ၁၉ ရက်တွင် ဆူးကျိုးမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆူးကျိုးမြို့အနီးဝန်းကျင်ရှိ Future Energy Pavilion ပြခန်း၌ လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ ဇီဝလောင်စာသုံးစွမ်းအား၊ မြေအောက် အပူစွမ်းအား၊ ကျောက်မီးသွေးသုံးနှင့် ရေနံဓာတ်ငွေ့ရည်သုံး ဓာတ်အားထုတ်လုပ်ခြင်းများ၏ တိုးတက်ပြောင်းလဲမှု၊ နေရောင်ခြည်သုံးစနစ်ဖြင့် နေအိမ်တွင်း လျှပ်စစ်ဓာတ်အားအသုံးပြုပုံနှင့် လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုပုံ၊ Suzhou Industrial Park Exhibition ပြခန်း၌ ၁၉၉၀ ခုနှစ်မှစ၍ စင်ကာပူနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေမှု၊ စက်မှုဇုန်တစ်ခု တည်ဆောက်ရန် စနစ်တကျ စီမံကိန်းရေးဆွဲပြုစုပြီး တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ခဲ့မှုများ၊ PV Industrial Group ၏ Thin-film PV သုတေသနဌာန၌ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော PV အိမ် အမိုးပြားများအပြင် ကျောပိုးအိတ်များတွင် လျှပ်စစ်ဓာတ်အား သွင်းနိုင်သော ပျော့ပျောင်းသည့် PV Solar အပါးလွှာများ တပ်ဆင်အသုံးပြုထားပုံနှင့် စမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆူးကျိုးမြို့မှ ရန်ကုန်မြို့သို့ အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၂ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၂ (I-12)သို့ နိုဝင်ဘာ ၁၀ ရက်(စနေနေ့)ထက်မစော၊ နိုဝင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၂ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်-၁၉) သို့ **နိုဝင်ဘာ ၁၀ ရက်ထက်မစော ၁၁ ရက်ထက်နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စွန့်ဦးတီထွင် ရခိုင်ပြည်တစ်ခွင် စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူငယ်နှင့်စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ လူငယ်၏ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပါဝင်ကျင်းပသည့် **စွန့်ဦးတီထွင် ရခိုင်ပြည်တစ်ခွင်** စီးပွားရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းအပေါ် ကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ဟောပြောပွဲများကျင်းပခြင်းသည် ပြည်နယ်၏ အနာဂတ်အတွက် အလွန်အလားအလာကောင်း များစွာရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုလို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းပါဝင်ကျင်းပခြင်းသည် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ ပြည်နယ်အတွင်း ပေါ်ပေါက်လာရန်အတွက် အဓိကရည်ရွယ်ပြီး ကျင်းပခြင်းလည်းဖြစ်ကြောင်း။

ထိုသို့လုပ်ငန်းရှင်များ ပေါ်ပေါက်လာခြင်းအားဖြင့် ပြည်နယ်အတွင်းမှာရှိနေသည့် အခြေခံအဆောက်အအုံများ ပေါကြွယ်ဝသည့် သဘာဝသယံဇာတများသည် လုပ်ငန်းရှင် လူငယ်များ အနေဖြင့် အကောင်းဆုံးဖြစ်အောင် အသုံးချပြီးဆောင်ရွက်သွားမည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများသည် အမြန်ဆုံးပေါ်ထွက်လာပြီး ဒေသအတွက် အကျိုးပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင်၊ လူမှုစီးပွားဘဝများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အများအပြားပေါ်ပေါက်လာရန် နိုင်ငံတော်ကလည်း များစွာကူညီပံ့ပိုးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့်လည်း လူငယ်များ၏ စွန့်ဦးတီထွင်လုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က Promoting Entrepreneurship in Rakhine ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာကြသော လူငယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က စွန့်ဦးတီထွင် စီးပွားရေးလုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ ဟောပြောပြီး ဦးထွန်းထွန်းနိုင်၊ ဦးလှဦး၊ ဦးကျော်သိန်းနိုင်နှင့် ဦးအောင်အောင်တို့က စီးပွားရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရွှေစင်ရွှေပြားထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် အနီးတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ရွှေစင်ရွှေပြားထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေမှုအခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူများ တွေ့ဆုံပြီး ရွှေစင်ရွှေပြားစက်ရုံ၏ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရေးဆွဲထားသောဒီဇိုင်းနှင့် ခေတ်မီနည်းပညာများအတိုင်း တည်ဆောက်ရေး၊ လုံခြုံစိတ်ချသော အစီအမံများထားရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ ရုံးခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရွှေစင်ရွှေပြားစက်ရုံအတွက် လိုအပ်သော စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျဝယ်ယူ တပ်ဆင်ရေး၊ စံချိန်စံညွှန်းနှင့်ညီသော ရွှေစင်ပြားများရရှိရေးကို စနစ်တကျမှတ်တမ်းထားရှိ၍ ကပ်လှူပူဇော်မည့် နေရာများကို ခေတ်မီနည်းပညာများဖြင့် ထိန်းချုပ်မှတ်တမ်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရွှေစင်ရွှေပြား သင်္ကန်းတော်များကို ရာသီဥတုမရွေး တာရှည်တည်တံ့ခိုင်မြဲစေရန် အဆင်မြင့် နည်းပညာကို အသုံးပြုပြီး ရွှေစင်ရွှေပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး အောက်ပစ္စယာတွင် လုံခြုံစိတ်ချစွာ စနစ်တကျတည်ဆောက်၍ ခေတ်မီ နည်းစနစ်စက်ကိရိယာများ အသုံးပြုကာ တာရှည်ခိုင်မြဲတည်တံ့သည့် ရွှေစင်ပြားများကို မကြာမီကပ်လှူပူဇော်နိုင်မည်ဖြစ်သည်။ ရွှေစင်ပြား ထုတ်လုပ်သည့်ကြိတ်စက်ကို စက်မှုဝန်ကြီးဌာနက ခေတ်မီနည်းပညာများဖြင့် ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲ၍ ထုတ်လုပ်ခဲ့ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်) ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်) ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Margot Wallstrom နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ဥရောပကောင်စီရုံးချုပ်၌ ကျင်းပသော (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် ဥရောပကောင်စီ ဥက္ကဋ္ဌ H.E. Mr. Donald Tusk မှ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဆမ်အဖွဲ့ဝင်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

### မိန့်ခွန်းပြောကြား

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဥရောပကောင်စီရုံးချုပ်၌ ကျင်းပသော ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေး၌ Building the future together: Promoting inclusive growth and sustainable connectivity ခေါင်းစဉ်အောက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ အေဆမ်အနေဖြင့် အာရှနှင့် ဥရောပတိုက်ကြီးနှစ်ခုအကြား ပေါင်းစည်းဆက်နွယ်မှုများ မြှင့်တင်ခြင်းဖြင့် ဒေသကြီး နှစ်ခုအကြား ပိုမိုနီးကပ်လာအောင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု (Connectivity)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သဘောတူညီချက်ရရှိခဲ့ပြီးနောက် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ဒေသကြီးနှစ်ခုအကြား ပေါင်းစည်းဆက်နွယ်မှုအား အလေးထား မြှင့်တင်ရေးကို စိတ်ဝင်စားကြောင်း၊ အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးလွတ်လပ်စွာ စီးဆင်းမှုကို အဟန့်အတား ဖြစ်စေနိုင်သည့် လုပ်ဆောင်မှုများ၊ ကုန်သွယ်ရေးတားဆီးပိတ်ဆို့မှုများ ပြုလုပ်ခြင်းများကို ရှောင်ရှားသင့်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### သီးသန့်အစည်းအဝေးတက်ရောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သီးသန့်အစည်းအဝေးတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်မီရေး၊ ရာသီဥတုပြောင်းလဲမှု၊ ရွှေ့ပြောင်းသွားလာမှု၊ ဆိုက်ဘာလုံခြုံရေး၊ မျှတသော ကုန်သွယ်မှု၊ အမျိုးသမီးအခွင့်အရေးကိစ္စ အပါအဝင် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အချို့က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းပြောကြားလာသဖြင့် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ တုံ့ပြန်ရှင်းလင်းပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ယင်းသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက အေဆမ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ယမန်နှစ်က မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ်တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ပထမအကြိမ်မှာ Kofi Annan ကော်မရှင် ဖွဲ့စည်းပြီး တစ်လမပြည့်မီတွင် လည်းကောင်း၊ ဒုတိယအကြိမ်မှာ ကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ ထွက်ရှိပြီး နာရီပိုင်းအတွင်းတွင် လည်းကောင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာမှာ လူဝင်မှုကိစ္စ၊ ဆင်းရဲနွမ်းပါးမှု၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့ပါ ပါဝင်နေသည့် အလွန်ရှုပ်ထွေးသိမ်မွေ့သည့်ပြဿနာ ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ရခိုင်အရေးကိစ္စ ဖြေရှင်းရေးမှာ ဒီမိုကရေစီ ပြောင်းလဲရေးလုပ်ငန်းစဉ်အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယုံကြည်မှု ကင်းမဲ့နေကြသည့် အသိုက်အဝန်းနှစ်ခုအကြား အပြန်အလှန်ချစ်ခင်လာကြစေရေးအတွက် ဥပဒေ၊ အမိန့်ပြဋ္ဌာန်းဆောင်ရွက်၍ မရသည့် အလျောက် နေ့ချင်း ညချင်း ဖြေရှင်းနိုင်မည့်ကိစ္စ မဟုတ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် လုံခြုံရေးအဖွဲ့အစည်းများကိုသာမက ရခိုင်ပြည်နယ်ရှိ အခြားအရပ်သား အသိုင်းအဝိုင်းများကိုလည်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံများအကြား ကြောက်ရွံ့မှုနှင့် မတည်မငြိမ်မှုများကို ဖြစ်ပေါ်စေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူအများအပြားရွှေ့ပြောင်းမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

ARSA အကြမ်းဖက်အဖွဲ့၏ အန္တရာယ်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လျစ်လျူရှုထားကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သည့် ရွှေ့ပြောင်းထွက်ခွာသွားသူများကို စိစစ်လက်ခံသွားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီချက်များနှင့်အညီ မြန်မာဘက်မှ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်ပို့လာပါက လက်ခံရန် အသင့်ရှိကြောင်း၊ ကုလသမဂ္ဂ အေဂျင်စီနှစ်ခုနှင့်လည်း သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီး ကွင်းဆင်းစစ်ဆေးမှု ပထမအဆင့် ပြီးစီးသွားပြီး ဒုတိယအဆင့် စတင်ဆောင်ရွက်ရန် သဘောတူခွင့်ပြုထားပြီး ဖြစ်ကြောင်း၊ သက်သေအထောက်ထား လုံလောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များနှင့် ပတ်သက်၍ တာဝန်ခံမှုရှိစေရေးအတွက်လည်း ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့မှ ထင်ရှားသည့် သံတမန်နှစ်ဦးပါဝင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ကြောင်း၊ နိုင်ငံခေါင်းဆောင်များအနေဖြင့် အရေးကြီးသည့် ကိစ္စရပ်များအပေါ် မူဝါဒရေးရာ ဆုံးဖြတ်ချက်များ ချမှတ်ကြရာတွင် တိကျမှန်ကန်ပြီး ဘက်လိုက်မှုကင်းသည့် အစီရင်ခံစာ အချက်အလက်များအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်သွားရန် အရေးကြီးကြောင်း စသည်ဖြင့်ထည့်သွင်း ရှင်းလင်းပြောကြားခဲ့သည်။

### ကြေညာချက်ထုတ်ပြန်

အစည်းအဝေးအပြီးတွင် Global Partners for Global Challenges ခေါင်းစဉ်ဖြင့် (၁၂)ကြိမ်မြောက် အေဆမ် ထိပ်သီးအစည်းအဝေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးနှင့် ငွေကြေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မဏ္ဍိုင်ကြီး ၃-ရပ်အောက်တွင် ဒေသကြီး ၂-ခုအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်ဖက်သဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိမှုနှင့် ကုလသမဂ္ဂအဖွဲ့စည်းများနှင့် MoU လက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ကြိုဆိုကြောင်း၊ တာဝန်ခံမှုနှင့် ပတ်သက်၍ ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ ဆက်လက်အကူအညီပေးအပ်သွားမည် ဖြစ်ကြောင်း အပြုသဘော ထည့်သွင်းဖော်ပြခဲ့သည်။

### သီးခြားစီတွေ့ဆုံ

ပြည်ထောင်စုဝန်ကြီးသည် ထိပ်သီးအစည်းအဝေးကာလအတွင်း ဆွစ်ဇာလန်နိုင်ငံသမ္မတ H.E. Mr. Alain Berset၊ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Margot Wallstrom၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Marise Payne တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ် H.E. Ms. Federica Mogherini နှင့်လည်း သီးခြားတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေး ကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးပေးမှုကို ပြန်လည်သုံးသပ်နေသည့်ကိစ္စနှင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက အီးယူအနေဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်လျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးပေးမှုသည် မြန်မာနိုင်ငံ၏ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း အတွက် အကျိုးပြုလျက်ရှိကြောင်း၊ အဓိကအားဖြင့် အီးယူသို့ တင်ပို့နေသည့် အထည်ချုပ်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသော အလုပ်သမားထုမှာ ၄ သိန်းကျော်ရှိပြီး ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများ ဖြစ်ကြကြောင်း၊ ၎င်းတို့ကို မှီခိုနေသူများအား ထည့်သွင်းတွက်ချက်ပါက လူဦးရေစုစုပေါင်း ၂ သန်းနီးပါးရှိကြောင်း၊ အီးယူမှ ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးပေးမှုကို ရုပ်သိမ်းခဲ့မည်ဆိုပါက သာမန်ပြည်သူများကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဥရောပသမဂ္ဂမှ စေလွှတ်ရန် အဆိုပြုထားသည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံအနေဖြင့် လက်ခံတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း အသိပေးဆွေးနွေး ပြောကြားခဲ့သည်။

### တစ်လှည့်စီ ကျင်းပ

အေဆမ်ကို အာရှနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် အာရှမှ ၂၁ နိုင်ငံ၊ ဥရောပမှ နိုင်ငံ ၃၀ စုစုပေါင်း ၅၁ နိုင်ငံနှင့် အဖွဲ့အစည်းနှစ်ခုဖြစ်သည့် ဥရောပသမဂ္ဂ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ အေဆမ်ထိပ်သီးအစည်းအဝေးများကို (၂)နှစ်လျှင်တစ်ကြိမ် အာရှနှင့် ဥရောပတို့တွင် တစ်လှည့်စီ ကျင်းပလေ့ရှိပြီး (၁၃)ကြိမ်မြောက် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်) ထိပ်သီး အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

# ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၁၄ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)**

**ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ) အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ထ)တွင် "မည်သည့်ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန် ဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားပါသည်။

၂။ သို့ဖြစ်ရာ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲနိုင်ရေးအတွက် လည်းကောင်း၊ မိမိတို့အဖွဲ့အစည်းများအတွင်း သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း အောက်ပါအချက်များကို အခြေခံရန် သတ်မှတ်လိုက်သည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာ၍ ထိရောက်မှုရှိသော မူဝါဒချမှတ်ရန်နှင့် အဆိုပါမူဝါဒကို အမြင့်ဆုံးစီမံခန့်ခွဲမှုမှ ထောက်ခံမှုရှိရန်၊
(ခ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ထိရောက်စွာ လေ့လာဆန်းစစ်ဖော်ထုတ်၍ သုံးသပ်အကဲဖြတ်မှုရှိရန်၊
(ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု မြင့်မားပြီး ထိလွယ်ရှလွယ်သော နယ်ပယ်များအတွက် ပိုမိုတိကျသော အသေးစိတ်ဆောင်ရွက်မှုများ ထားရှိရန်၊
(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်မှုများသည် မိမိလုပ်ငန်းများသာမက ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းကွင်းဆက်များအားလုံးနှင့် အကျုံးဝင်စေရန်၊
(င) စာရင်းဇယားများနှင့် စာရင်းမှတ်တမ်းများကို စနစ်ကျမှန်ကန်စွာ ထားရှိရန်၊
(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒများ ထားရှိရန်၊
(ဆ) အဂတိလိုက်စားကြောင်း သံသယရှိမှုကို သတင်းပေးပို့နိုင်သော ယုံကြည်စိတ်ချရသည့် ယန္တရားများ ထားရှိရန်၊
(ဇ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများအပေါ် ပုံမှန်သုံးသပ်အကဲဖြတ်မှုစနစ် ထားရှိရန်။

**(ပုံ)အောင်ကြည်**
**ဥက္ကဋ္ဌ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

ကမ္ဘာ့ရတနာဘဏ်(အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တာမွေမြို့နယ် Sky Star Hotel ၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိ ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း(ဝဲပုံ)က အဖွင့်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အမှုဆောင်အရာရှိချုပ် ဦးကိုကိုအောင်က ဖတ်ကြားရှင်းလင်းခြင်း၊ နှစ်ချုပ်စာရင်းများနှင့် စာရင်းစစ်အစီရင်ခံကို ဦးဝမ်းတင်က အတည်ပြုခြင်း၊ ဘဏ္ဍာနှစ်အတွင်း ဘဏ်နှင့် ဆက်သွယ်သည့် ငွေလွှဲ Customer များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်များပေးအပ်ခြင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် မဟာဝိဇယစေတီကြီး ဓမ္မာရုံ၊ ဦးလုထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ သံတွဲဓမ္မဗိမာန်တော်ကြီး၊ မအူပင်ဘိုးဘွားရိပ်သာ၊ လူအိုရုံ(ကန်တော်လေး)၊ မေရီချက်မင်းန်နားမကြားသော ကလေးများကျောင်း၊ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ(ကမာဆွဲ၊ ကမာကလုတ်စံပြကျေးရွာ၊ ကျောက်တန်း)နှင်းဆီကုန်း ဘိုးဘွားရိပ်သာနှင့် ဓမ္မပါလဘုန်းတော်ကြီးသင် ပညာရေးကျောင်း(ရက်ကန်းစင်တောင်တော်)တို့အတွက် အလှူငွေကျပ် သိန်း ၅၉၀ လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်များ၊ အစုရှယ်ယာရှင် ၇၉၀ နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**အေးသန်း(စိန်မားကြီး)**

## ပုသိမ်ကြီးမြို့နယ် ပန်းချီ၊ ပန်းပု ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

ပုသိမ်ကြီးမြို့နယ် ပန်းချီ၊ ပန်းပု အစည်းအရုံး၏ ပန်းချီပြပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အမေ့ရင်ခွင် မူကြိုရှေ့၌ ဖွင့်လှစ်သည်။

အခမ်းအနားကို ပန်းချီ၊ ပန်းပု အစည်းအရုံးဥက္ကဋ္ဌ ဦးနေလင်း၊ အတွင်းရေးမှူး ဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပန်းချီ ဆရာကြီး ဦးခင်မောင်သန်း၊ ဆရာကြီး ဦးလှဝင်း၊ ဆရာကြီး ဦးခင်မောင်စန်းတို့က ပန်းချီပြပွဲနှင့် ပတ်သက်၍ မုဒိတာစကား ပြောကြားကြသည်။

ယင်းနောက် နာယက ပန်းချီဆရာမ ဒေါ်ခင်ဆွေလှိုင်က ပန်းချီပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီ ဆရာ၊ ဆရာမ ၂၃ဦး၏ ပန်းချီကား ၉၅ ကားကို ပြသထားပြီး ပန်းချီကားများမှာ ရေဆေး၊ ဆီဆေး၊ အခရိုက်လစ် ပန်းချီကားများ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းချီပြပွဲသို့ အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ရောင်စုံမီးအလှများဖြင့် ရန်ကုန်မြို့ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ယနေ့စတင်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့ သီတင်းကျွတ်အခါသမယ၏ ကနဦးမီးထွန်းပွဲတော်ဖြစ်သော ပုဇွန်တောင်မြို့နယ်မှ နှစ်ပေါင်းရှည်ကြာ စဉ်လာမပျက် ကျင်းပခဲ့သည့် ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်ကြီး ယနေ့တွင် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

သီတင်းကျွတ်ရာသီ ကနဦးအစ၏ ဦးဆောင်မီးထွန်းပွဲတော်ကြီးကို ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်-၇ ရပ်ကွက်၊ အမှတ်-၉ ရပ်ကွက်နှင့် အမှတ်-၁၀ ရပ်ကွက်တို့မှ တာဝန်ရှိသူများ ဦးဆောင်စီစဉ်ကျင်းပသည့် ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို သိမ်ဖြူလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊ အထက်ပုဇွန်တောင်လမ်းမကြီးနှင့် ရေကျော်လမ်းမကြီး တစ်လျှောက်တို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

"မိုးတွင်းကာလအပြီး ဝါကျွတ်ပြီဆိုတာနဲ့ ဒီပွဲတော်က စတာပါ။ ဈေးသည်က ဒီကနေစပြီး ရာသီပွဲအလိုက် ရွှေ့သွားကြတာပေါ့။ ရန်ကုန်မှာတော့ အစည်ကားဆုံးပေါ့။ ကျွန်တော်တို့ မမွေးခင်ကတည်းက ဒီပွဲတော်က ရှိနေတာ။ ကလေးဘဝတုန်းကတော့ ဒီပွဲတော်လာရင် အလွန်ပျော်တာပေါ့"ဟု ပုဇွန်တောင်မြို့နယ် အမှတ် (၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းဇော်က ပြောကြားသည်။

**အထူးစည်ကားလျက်ရှိ**

ယနေ့ကျင်းပလျက်ရှိသည့် ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်အတွင်း လာရောက်ကြည့်ရှုသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ရောင်စုံမီးများဖြင့် အလှဆင်ထားသော ပွဲတော်အတွင်း လာရောက်ရောင်းချသော ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိပြီး အငြိမ့်၊ ဟာသ၊ တီးဝိုင်းများနှင့် ကလေးများကစားရန် ချားရဟတ်နှင့် အပျော်စီးလှေများ ပါဝင်သည်ကို တွေ့ရသည်။

**ဆိုင်များစုံလင်**

မြန်မာ့ရိုးရာအစားအသောက်များဖြစ်သော ဘိန်းမုန့်၊ ရေမုန့်၊ မုန့်သိုင်းခြုံ၊ မုန့်လင်မယားတို့အပြင် ကြာဆံကြော်၊ ခေါက်ဆွဲကြော်ဆိုင်များ၊ လက်လုပ်အသုပ်စုံရောင်းချသော ဆိုင်များ၊ အအေးဆိုင်များ၊ မြန်မာ့လက်မှု ပစ္စည်းဆိုင်များ၊ ကလေးကစားစရာ ပစ္စည်းဆိုင်များ၊ အဝတ်အထည်နှင့် လူ့အသုံးအဆောင်ပစ္စည်းရောင်းချသော ဆိုင်များ၊ စားသောက်ကုန်ဆိုင်များဖြင့် စုံလင်လှသည်။

"ခေတ်ကာလအလျောက် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တာ အခုဆိုရင် တစ်နှစ်ထက်တစ်နှစ် ကျင်းပတဲ့နေရာတွေ ကျယ်လာပြီး ဆိုင်ခန်းတွေကအစ ပိုမိုများပြားလာတယ်။ ပွဲတော်ကျင်းပတဲ့ ကော်မတီအနေနဲ့လည်း နှစ်စဉ်လုံခြုံရေးကအစ စနစ်တကျနဲ့ သေချာစီစဉ်ကျင်းပခဲ့တာပါ"ဟု သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပရေးကော်မတီမှ အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။

**အထူးစီစဉ်**

ယခုနှစ်တွင် ပွဲတော်လုံခြုံရေးရဲအင်အား ပိုမိုအသုံးပြုထားပြီး ပွဲတော်လာပြည်သူများ အဆင်ပြေစေရန် ကျန်းမာရေး ဆိုင်ရာကဏ္ဍများကိုလည်း ဆရာဝန်၊ သူနာပြုများဖြင့် အထူးစီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ ပွဲတော်ကာလမှာ ယနေ့ အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း ည ၁၁ ခွဲ အထိ ငါးရက်တိုင်တိုင် နေ့စဉ်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။



**မောင်စိန်လွင်(မြန်မာ့အလင်း)၊**
**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# တူဆုံနွဲပျော် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် (၂၀၁၉)

**ဖိုးညို (မင်းကင်း)**

**မြူခိုးအုံ့ဆိုင်း မှိုင်းမှုန်ပျပျ လှပနေသော နာဂဒေသရှိ လေရှီးမြို့လေးသည် ၂၀၁၉ ခုနှစ် နာဂရိုးရာကျင်းပမည့် မြို့ငယ်လေးတစ်မြို့ဖြစ်သည်။ နွေရာသီဟူသော ဥတု မရှိ လောက်အောင်ပင် အေးချမ်းသာယာပြီး နေချင့်စဖွယ်ရှိသော နာဂလူမျိုးအများစု နေထိုင်ရာဒေသဖြစ်သည်။ လေရှီးမြို့ရှိ နာဂလူမျိုးများမှာ ရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အားအင်စိုက်ထုတ် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြပါသည်။**




### နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်မှုများ

၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း လေရှီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဆောင်ကာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ပြီး နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ဆောင်ရွက်မည့် အစီအမံများ၊ လာရောက်လေ့လာလည်ပတ်မည့် ခရီးသွားများအတွက် တည်းခိုနေထိုင်ရေး၊ လေ့လာလည်ပတ်နိုင်သည့် နေရာများ၊ ပွဲတော်အတွင်း တင်ဆက်ပြသမည့် အစီအစဉ်များကို ညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။

### လေရှီးမြို့နယ်အတွင်းနေထိုင်ကြသော နာဂလူမျိုးများ

လေရှီးမြို့နယ်အတွင်း နာဂလူမျိုး ခြောက်မျိုးနေထိုင်ကြပြီး နာဂလူမျိုး မျိုးနွယ်စုစုပေါင်း ၃၀ ကျော်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် လေရှီးမြို့နယ်ရှိ ပါရာ၊ ကိုးကာ၊ တန်ကွန်၊ မကူရီ၊ လောင်ဖူရီ၊ ခဲမြူငမ် ဟူသော နာဂလူမျိုးစု ခြောက်မျိုးတို့၏ ရိုးရာဓလေ့ကပွဲများဖြင့် ဖျော်ဖြေခြင်း၊ ပြခန်းအိမ် ခြောက်လုံးတွင် ရိုးရာအသုံးအဆောင်များကြည့်ရှုနိုင်ခြင်းအပြင် နတ်တို့ ဖန်ဆင်းထားလေသလောဟူ၍ ထင်မှတ်ရလောက်သော လေရှီးမြို့၏ အလှအပများကို ခံစားတွေ့မြင်ရမည် ဖြစ်ပါသည်။

### လေရှီးမြို့သို့ သွားရောက်နိုင်သောလမ်းကြောင်းများ

လေရှီးမြို့သည် တောင်ပေါ်ဒေသဖြစ်သော်လည်း သွားလာရန်များစွာခက်ခဲသည့် ဒေသတစ်ခုမဟုတ်ပါ။ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့တို့သည် လေဆိပ်ရှိကြသဖြင့် လေကြောင်းဖြင့် အဆိုပါမြို့များသို့ လေယာဉ်ဖြင့်သွားရောက်နိုင်သည်။ မန္တလေးမြို့မှ ဟုမ္မလင်းနှင့် ခန္တီးမြို့များသို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် သွားရောက်နိုင်ပြီး မန္တလေး-ခန္တီးလေကြောင်းမှာ နေ့စဉ်သွားလာနိုင်ကြောင်း၊ မန္တလေး-ဟုမ္မလင်း လေကြောင်းသည် ကြာသပတေးနေ့တွင် သွားလာနိုင်ကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော မုံရွာမြို့မှ သွားမည်ဆိုလျှင် လေကြောင်း၊ ရေကြောင်း၊ မော်တော်ကားလမ်းကြောင်း သုံးမျိုးမှ သွားလာနိုင်မည်ဖြစ်ပါသည်။ မုံရွာ-ဟုမ္မလင်း (MNA) လေကြောင်းလိုင်းသည် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြေးဆွဲလျက်ရှိသည်။ ရေကြောင်းမှ စက်လှေ (အမြန်ယာဉ်) ဖြင့် ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့များသို့ နေ့စဉ်ထွက်ခွာသွားလာနိုင်ပြီး ချင်းတွင်းမြစ်၏ အလှတရားများကိုပါ တစ်ပါတည်း ခံစားနိုင်ပါမည်။ မော်တော်ကားလမ်းဖြင့် သွားလာမည်ဆိုပါက မုံရွာ-ရေဦး-နောင်ပိုအောင်ကားလမ်းမှ သွားလာနိုင်ပြီး ၃၃၄ မိုင်ခန့် ကွာဝေးကာ တောတောင်သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်မည် ဖြစ်ပါသည်။

ထမံသီစံပြကျေးရွာ တစ်ဖက်ကမ်းရှိ ပင်းမသို့ ဟုမ္မလင်းမှ မိုင် ၅၀၊ ခန္တီးမြို့မှ မိုင် ၈၀ ကွာဝေးပြီး မော်တော်ကား (သို့) ရေကြောင်းမှ သွားနိုင်ပါမည်။ ပင်းမမှ ထမံသီစံပြကျေးရွာသို့ ကိုယ်ပိုင်မော်တော်ကားများဖြင့် လာရောက်သော ခရီးသွားများအတွက် ကူးတို့တွဲသင်္ဘောဖြင့် ကူးသန်းသွားလာနိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

### ထမံသီမှ လေရှီး

ထမံသီစံပြကျေးရွာသည် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး သင်္ဘော၊ စက်လှေများ လွယ်လင့်တကူ ဆိုက်ကပ်ရန် ဆိပ်ခံဇောများ တည်ဆောက်ထားရှိသည်။ တည်းခိုခန်းနှင့် စားသောက်ဆိုင်များရှိ၍ ခေတ္တနားခို အပန်းဖြေနိုင်သော စံပြကျေးရွာလေးတစ်ရွာ ဖြစ်နေသည်။ ထမံသီမှ လေရှီးမြို့သို့ ၃၁ မိုင် ကွာဝေးပြီး မော်တော်ကားဖြင့် သွားရောက်ရချိန်မှာ နှစ်နာရီခွဲခန့်သာ ကြာမြင့်မည် ဖြစ်ပါသည်။ တောင်တန်းများကိုဖြတ်ကျော်ကာ ကွေ့ပတ်သွယ်တန်းထားသော ကားလမ်းသည် (4W) ဖိုးဝိုးကားများဖြင့်သာ သွားလာနိုင်ပါသည်။ ထမံသီ-လေရှီး မော်တော်ကားအငှားယာဉ်များလည်း ရှိပါသည်။ စင်းလုံးငှားမည်ဆိုပါက အသွား/အပြန် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းရှိပြီး ခရီးသည်တစ်ဦးချင်းအတွက် ယာဉ်လိုင်းခမှာ အသွား ငွေကျပ် ၁၀၀၀၀၊ အပြန် ငွေကျပ် ၁၀၀၀၀ ခန့်သာ ကျသင့်မည်ဖြစ်သည်။

ထမံသီစံပြကျေးရွာမှ လေရှီးမြို့သို့ သွားလာရာလမ်းကြောင်းတွင် အောင်မြင်သာ ကျေးရွာ၊ ရန်နွေး၊ အေးချမ်းဖြိုး၊ အောင်ဇေယျ၊ ထိန်နယ်လှုံကျေးရွာများကို ဖြတ်သန်း၍ ၂၅ မိုင် (လိမ္မော်ခြံ) တွင် စာရာမေရိတောင်သို့ သွားရောက်နိုင်သော လမ်းခွဲရှိပြီး အမှတ်တရအဖြစ် မှတ်တမ်းတင်နိုင်သော နေရာလေးရှိပါသည်။ ထိုမှတစ်ဆင့် လုန်လှိုင်လုကျေးရွာ၊ ဆုံကင်းကျေးရွာများကို ဖြတ်သန်းပြီး ကားလမ်းနံဘေးရှိ တောင်ကျချောင်းငယ်များ၊ တောင်ယာလယ်ကွင်းများ၊ တောတောင်ရှုခင်းများ၊ အလှအပများကို ခံစားကာ လေရှီးမြို့ကို ရောက်ရှိမည်ဖြစ်သည်။

### တွေ့မြင်ရမည့် အောင်မြင်မှုများ

လေရှီးမြို့တွင် ကျင်းပမည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၃၊ ၁၄၊ ၁၅ ရက်နေ့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ Rally ကားမောင်းအဖွဲ့သားများလည်း တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် အဖွဲ့သားများနှင့်အတူ ရိုက်ကူးရေးအဖွဲ့များ၊ သရုပ်ဆောင်၊ မော်ဒယ်လ်များလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပမည့် အချိန်သည် ပွင့်လင်းသောရာသီဥတုလည်း ဖြစ်သည်နှင့်အညီ ခေါင်းဆောင်ကြီးများ၊ နာမည်ကြီးသရုပ်ဆောင်များလည်း တက်ရောက်ကြသည့် ပွဲတော်ဖြစ်သောကြောင့် ပွဲတော်ချိန်အတွင်း ပွဲတော်ကျင်းပသည့် ကွင်းအတွင်း ပြည့်လျှံနေမည်မှာ မြင်ယောင်မိပါသည်။ ခရီးသွားကုမ္ပဏီများအနေဖြင့်လည်း လေရှီးမြို့တွင် ကျင်းပမည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လာရောက်လေ့လာလည်ပတ်လိုသော ခရီးသွားဧည့်သည်တော်များကို ကြိုတင်အသိပေး ရောင်းချနိုင်ကြပြီး ပွဲတော်သို့ သွားရောက်မည့် ခရီးသွားကုမ္ပဏီများသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မုံရွာ) ရုံးသို့ ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းကောင်းပါးရင်း ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကြီး ကြက်ပျံမကျ စည်ကားပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

**"လေရှီးမြို့သည် တောင်ပေါ်ဒေသဖြစ်သော်လည်း သွားလာရန်များစွာခက်ခဲသည့် ဒေသတစ်ခု မဟုတ်ပါ။ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့တို့သည် လေဆိပ်ရှိကြသဖြင့် လေကြောင်းဖြင့် အဆိုပါမြို့များသို့ လေယာဉ်ဖြင့် သွားရောက်နိုင်သည်။ မန္တလေးမြို့မှ ဟုမ္မလင်းနှင့် ခန္တီးမြို့များသို့ Myanmar National Airline ဖြင့် သွားရောက်နိုင်ပြီး မန္တလေး-ခန္တီး လေကြောင်းမှာ နေ့စဉ်သွားလာနိုင်ကြောင်း၊ မန္တလေး-ဟုမ္မလင်း လေကြောင်းသည် ကြာသပတေးနေ့တွင် သွားလာနိုင်"**

## မတ္တရာမြို့နယ် စလေကျေးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား ကျင်းပ

**မတ္တရာ အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စလေကျေးရွာအုပ်စု စလေကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျေးရွာ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လျှပ်စစ်မီးဖွင့်ပွဲကို စလေဘုရားကုန်းကျောင်းဆရာတော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်ဇော်နှင့် ကျေးရွာတာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)** အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့ရာ ကျေးရွာမီးလင်းရေးကော်မတီအနေဖြင့် လျှပ်စစ်မီးလင်းပြီဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်များကြောင့် လျှပ်စစ်ခေတ်အားပြတ်တောက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာပါက အရေးပေါ်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို မြို့နယ်လျှပ်စစ်မန်နေဂျာက ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့သည်။ အဆိုပါ စလေကျေးရွာတွင် အိမ်ခြေ ၂၅၀ ရှိပြီး အိမ်ခြေ ၈၀ မှာ လျှပ်စစ်မီးလင်းနေပြီဖြစ်ပြီး ကျန်ရှိသော အိမ်ခြေများမှာလည်း လျှပ်စစ်မီတာများ လျှောက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**



## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

◆ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါခံစားနေရသူများစသည့် အားနည်းချက်အမျိုးမျိုးကြောင့် တရားရင်ဆိုင်နိုင်စွမ်းနည်းပါးသူများကို ဥပဒေပညာဖြင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းနေပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၇) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်(စနေနေ့) ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးဝင်းအတွင်း ကျင်းပမည်ဖြစ်သည်။**

ပွဲတော်ကာလအတွင်း လူမှုရေး ဘာသာရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ စေတနာရှင်များနှင့် အလှူရှင်များက ဆိုင်ခန်း ၆၉ ခန်းဖွင့်၍ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများ၊ ရှမ်းအစားအစာ၊ ကိုရီးယားအစားအစာ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားစရာ၊ အိမ်သုံးဆေးဝါး၊ အလှကုန်နှင့် လက်ဆောင်ပစ္စည်းများ ရောင်းချ၍ အရင်းရောအမြတ်ပါ လှူဒါန်းကြမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲတွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့က တေးသီးချင်းများ၊ အကပဒေသာတေးသီချင်း သရုပ်ဖော်အကများဖြင့် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ဝင်ကြေးမှာ ကလေးလူကြီး တစ်ဦးလျှင် ငွေကျပ် ၂၀၀ ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၈၆ နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။ ဘိုးဘွားများ၏ စိတ်ချမ်းသာပျော်ရွှင်မှု ရရှိစေရေး၊ ဘိုးဘွားများကို ထာဝရရှည်ကြာစွာ ပြုစုစောင့်ရှောက်ထားနိုင်ရေးနှင့် အလှူငွေများ ပိုမိုရရှိစေရေးရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပသော ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်တွင် ပါဝင်ရောင်းချသူ စေတနာရှင်များက ရောင်းရငွေများကို ရိပ်သာကြီးသို့ လှူဒါန်းမည် ဖြစ်သည်။



အဆိုပါ ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ မြန်မာ့အလင်း ဦးတင် အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဗဟန်းမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြန်မာ့အလင်း**

*ကျောဖုံးမှ*

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**ကြိုတင်သတိပြုနိုင်ရန် အကြံပြု**

ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ ပြည်သူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*ရှေ့ဖုံးမှ*

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လည်ပတ်နိုင်ရန်အတွက် ပွဲတော်လုံခြုံရေးကော်မတီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လုံခြုံရေးကိုလည်း စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ပွဲတော်လာ ပြည်သူများ၏ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းနှင့် မိုးစေတနာပရဟိတအသင်းတို့က ဆောင်ရွက်ပေးလျက်ရှိသည်။

**တေးသံရှင်များဖျော်ဖြေမည်**

အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ် တပ်တွင်းဓမ္မာရုံ (နှစ်ကျိပ်ရှစ်ဆူဘုရားစံကျောင်းတော်) မှ စတင်ပြီး ဘုရားပင့်ဆောင်ရေးယာဉ်များဖြင့် မြို့တွင်းသို့ ဒေသစာရီကြွချီ အပူဇော်ခံမည့်အပြင် နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ ပါဝင်သော ဖျော်ဖြေရေးယာဉ်များကလည်း လိုက်ပါ ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပင့်ဆောင်ရေးယာဉ်တွေနဲ့ပတ်သက်ပြီး ဆုပေးပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှာ လုပ်ဆောင်သွားဖို့ရှိပါတယ်။ နေ့လယ်ပိုင်းမှာ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး ပြုလုပ်ဖို့ရှိပါတယ်။ ဒီနှစ်က နှစ်(၁၀၀)ပြည့် ဖြစ်တဲ့အတွက် အစစအရာရာ ဘက်စုံပြည့်စုံအောင်လို့ ဆောင်ရွက်ထားပါတယ်။ ဒီရှမ်းကန် သီတင်းကျွတ် မီးထွန်းပွဲတော်မှာ မီးအလှုဆင်တာဟာ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အနေနဲ့ မီးအလှုဆင်ထားတာပါ။ ဒါကို အဓိက ပံ့ပိုးတာက စိုးလျှပ်စစ်ဖောင်ဒေးရှင်း ဖြစ်ပါတယ်" ဟု အတွင်းရေးမှူး ဦးသိန်းသန်းဦးက ပြောသည်။

"ကျွန်တော်တို့ပျဉ်းမနားမှာ နှစ်ကျိပ်ရှစ်ဆူပွဲတော်နဲ့ အလှုပြယာဉ်တွေ လှည့်လည်တာကိုတော့ နှစ်တိုင်းလုပ်ပါတယ်။ ဒီနှစ်မှာ ယခင်နှစ်တွေနဲ့မတူတာကတော့ ရှမ်းကန်ထဲမှာ အလှုဆင်မီးတွေ ထွန်းထားတယ်။ ပြခန်းတွေအများကြီး ပြသထားတာကြည့်ရတဲ့အတွက် ဗဟုသုတရတဲ့အပြင် ဆိုင်းဝိုင်းနဲ့ မြေဝိုင်းအကတွေကလည်း ဒီနှစ်မှပါလာပါတယ်။ ဒါက ပျဉ်းမနားမြို့ရဲ့ဂုဏ်ကို ဖော်ဆောင်နိုင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ပျဉ်းမနားမြို့ခံတစ်ဦးအနေနဲ့ ဂုဏ်ယူပါတယ်"ဟု မြို့မိမြို့ဖ ဦးညီငယ်က ပြောသည်။

**ယဉ်ကျေးမှုပွဲတော်ကြီး**

ယခုပွဲတော်၌ တန်ဖိုးကြီးမားသော မြန်မာ့ယဉ်ကျေးမှု သရုပ်သကန်ကို ဖော်ထုတ်ရန်၊ ဒေသတွင်းကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုရန်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းများကို အများပြည်သူသို့ချပြနိုင်ပြီး မြန်မာ့အစားအစာ ယဉ်ကျေးမှုထွန်းကားစေရန်၊ မြန်မာ့လက်မှုပညာများ၊ မြန်မာ့မီးပုံးများ ပြန်လည်ထွန်းကားလာစေရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရန်၊ ပျဉ်းမနားမြို့သူမြို့သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ လုပ်အားငွေကို စုပေါင်း၍ ယဉ်ကျေးမှုပွဲတော်ကြီး တစ်ခု ကျင်းပသော အလေ့အထ ထွန်းကားစေရန်နှင့် ကလေးသူငယ်များကို ဗုဒ္ဓဝင်နှင့် ပတ်သက်သည့် ဗဟုသုတများသိရှိစေပြီး မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို တန်ဖိုးထားတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**



ဓာတ်ပုံ-ကျော်ရဲဆွေ



# ဘားအံ၌ လေပြင်းတိုက်၍ နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီး

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းများ တိုက်ခတ်၍ လူနေအိမ် ၅၁ လုံး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ လျှပ်စစ်မီးတိုင်လေးတိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတစ်ရုံးနှင့် ဌာနဆိုင်ရာရုံး နှစ်ရုံးတို့ အနည်းငယ်ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်၍ ဘားအံမြို့ပေါ်ရှိ အမှတ်(၁၊ ၂၊ ၃၊ ၅)ရပ်ကွက်များ၊ လှာကာကျေးရွာအုပ်စုနှင့် တကောင်ဘိုးကျေးရွာအုပ်စုတို့တွင် အဆောက်အအုံနှင့် သစ်ပင်များ ကျိုးကျပျက်စီးမှုကြောင့် လူနေအိမ် စုစုပေါင်း ၅၁ လုံး အမိုးနှင့် ထုပ်တန်းများ ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပြီး ဘားပုတိုက်ကျောင်း၊ မြိုင်ကျေးရွာ ဘုန်းကြီးကျောင်း၊ ကြားတောရ ဘုန်းကြီးကျောင်းတို့ရှိ သိမ်၊ ဓမ္မာရုံ၊ တစ်ပါးကျောင်းတို့ သွပ်မိုးလန်၍ ထုပ်တန်းများကျိုးခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး စုစုပေါင်းငွေကျပ် ၆၂၉၀၀၀၀ ခန့်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ စာရင်းများအရ သိရသည်။

လေပြင်းတိုက်ခတ်၍ ထိခိုက်ပျက်စီးမှုများအား ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၏ ညွှန်ကြားမှုဖြင့် ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လူမှုကွန်ရက်မှာ မမှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ အကြောင်းအရာတွေကို ဖြန့်ချိမယ်ဆိုရင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အရ အရေးယူနိုင်ပါတယ်

လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်မွန်

## ဆက်သွယ်ရေးဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေစကားဝိုင်းကျင်းပ

**ပြည်သူများ လတ်တလောကြုံတွေ့နေရသည့် ဆက်သွယ်ရေးဥပဒေနှင့်ပတ်သက်ပြီး ဥပဒေစကားဝိုင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ပြည်သူများသိရှိစေရန်အတွက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်မွန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုဝင်းတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေများကို သိရှိလိုပါတယ်။**

**ဒေါ်ခင်မြတ်မွန် ။** ။ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ဆက်သွယ်ရေးဥပဒေတွေကတော့ The Myanmar Telegraph Act ရယ်၊ The Myanmar Wireless Telegraphy Act ရယ်၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနဲ့ ဆက်သွယ်ရေးဥပဒေတို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီထဲကမှ Myanmar Telegraph Act နှင့် Myanmar Wireless Telegraphy Act တို့ကတော့ အခုခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့အတွက်ကြောင့်မို့ ရုပ်သိမ်းပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆက်သွယ်ရေးဥပဒေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

**ဒေါ်ခင်မြတ်မွန် ။** ။ ဆက်သွယ်ရေး ဥပဒေကို အကျဉ်းချုပ်ရှင်းပြရမယ်ဆိုရင် ဆက်သွယ်ရေးဥပဒေမှာ အခန်း ၇ ခန်း ပါဝင်ပြီး ပုဒ်မပေါင်း ၈၉ ခု ပါဝင်ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်တွေ၊ လုပ်ငန်းလိုင်စင်ကိစ္စတွေ၊ နောက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်တွေနဲ့ လိုင်စင်ကိုင်ဆောင်တဲ့သူတွေရဲ့ တာဝန်ရှိတဲ့အပိုင်းတွေကို ပြဋ္ဌာန်းထားပါတယ် ။

**အစီအစဉ်မှူး ။ ။ ဆက်သွယ်ရေးကွန်ရက်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဒေါ်မြတ်ဆုဝင်း ။** ။ ဆက်သွယ်ရေးကွန်ရက်ဆိုတာက ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီးတော့ ကွန်ရက်အထောက်အကူပြုပစ္စည်းတွေ၊ ဆက်သွယ်ရေးပစ္စည်းတွေ၊ ကွန်ပျူတာ၊ ကွန်ပျူတာလိုမျိုးသုံးလို့ရတဲ့ ပစ္စည်းတွေ အဲဒီပစ္စည်းတွေနဲ့ တွဲဖက်အသုံးပြုနိုင်တဲ့စနစ်နှင့် ပစ္စည်းတွေကို ကြိုးနဲ့ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေအချင်းချင်း ချိတ်ဆက်အသုံးပြုတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဖုန်းပြောတာ၊ အင်တာနက်ကိုသုံးပြီးတော့ ဖေ့စ်ဘွတ်မှာ ရေးသားဖော်ပြနေခြင်းမျိုးတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ပြည်သူတွေအပြောများနေတဲ့ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) နဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

**ဒေါ်မြတ်ဆုဝင်း ။** ။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ မှာ ပုဒ်မခွဲ (က) ကနေ (ဃ) ထိပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ (ဃ) မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို သုံးပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ခြောက်လှန့်တောင်းယူမယ်၊ အနိုင်အထက်ပြုမယ်၊ မတရားတောင်းယူမယ်၊ အသရေဖျက်မယ်၊ မလျော်ဩဇာသုံးမယ် ဒါမှမဟုတ် ခြိမ်းခြောက်တာတွေ ပြုလုပ်မယ်ဆိုရင် အဲဒီလူကို သုံးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ယခင်ဥပဒေအဟောင်းမှာ ပြဋ္ဌာန်းခဲ့ပါတယ်။

ယခင်ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ပါ ပြဋ္ဌာန်းချက်တွေကို ဖောက်ဖျက်ကျူးလွန်သူတွေကို ရာဇဝတ်ကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယားပါ ပြဋ္ဌာန်းချက်တွေအရ အာမခံပေးခွင့် မရှိတဲ့အတွက်ကြောင့် အချုပ်နဲ့ တရားရင်ဆိုင်ဖြေရှင်းရမှာ ဖြစ်ပါတယ်။ အချုပ်နဲ့ အမှုရင်ဆိုင်ရတဲ့အတွက် ပြည်သူတွေကြားမှာ ဝေဖန်မှုတွေ ဖြစ်ပေါ်နေတာကိုလည်း သိရှိပြီးဖြစ်မှာပါ။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ကို ပြင်ဆင်ပြဋ္ဌာန်းဖို့အတွက် လွှတ်တော်မှာ အပြန်အလှန်ဆွေးနွေးခဲ့ပြီးတော့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) မှာ ပြစ်မှုအင်္ဂါရပ်တွေကို ပြင်ဆင်ခဲ့တာအပြင် ပြစ်ဒဏ်ပိုင်းမှာလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြုပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ခြောက်လှန့်တောင်းယူတာ၊ အသရေဖျက်တာ၊ နှောင့်ယှက်တာ ဒါမှမဟုတ် ခြိမ်းခြောက်တာလို့ ပြင်ဆင်ထားပြီး ကျူးလွန်ဖောက်ဖျက်သူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ပြစ်မှုကျူးလွန်တဲ့သူတွေက အချုပ်လွတ်ထုချေခွင့် တစ်နည်းအားဖြင့် ချုပ်နှောင်ခံရမှုမရှိဘဲ တရားရင်ဆိုင်ရမှာ ဖြစ်ပါတယ် ။




**“ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြုပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ခြောက်လှန့်တောင်းယူတာ၊ အသရေဖျက်တာ၊ နှောင့်ယှက်တာ ဒါမှမဟုတ် ခြိမ်းခြောက်တာလို့ ပြင်ဆင်ထားပြီး ကျူးလွန်ဖောက်ဖျက်သူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်မှာဖြစ်”**

**အစီအစဉ်မှူး ။ ။ ဆက်သွယ်ရေးဥပဒေအရ အမှုတိုင်ကြားခွင့်နဲ့ပတ်သက်ပြီးတော့လည်း သိရှိလိုပါတယ်။**

**ဒေါ်ခင်မြတ်မွန် ။** ။ ယခင်ဆက်သွယ်ရေးဥပဒေ ၆၆(ဃ)အရဆိုရင်အသရေဖျက်မှုနဲ့ စွဲဆိုခံထားရတယ်ဆိုရင် ဘယ်သူတွေက အမှုဖွင့်တိုင်ကြားနိုင်တယ်ဆိုတာကို ဥပဒေမှာ တိတိကျကျပြဋ္ဌာန်းထားတာတွေ မရှိတဲ့အတွက်ကြောင့် သူတို့မှာ အခက်အခဲတွေရှိတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့်မို့ ပြင်ဆင်လိုက်တဲ့ ပုဒ်မ ၈၀(ဂ) ဆက်သွယ် ရေးဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)ပါ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီးတော့မှ ပုဂ္ဂိုလ်တစ်ဦးဦးကို အသရေဖျက်မယ်ဆိုရင် နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ဒါမှမဟုတ် သူ့ရဲ့ ကိုယ်စားလွှဲအပ်ခြင်းခံရသူဖြစ်စေ ကိုယ်တိုင်တိုင်တန်းခြင်းမဟုတ်ရင် အရေးယူဆောင်ရွက်လို့ မရဘူးလို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

ဒ့ါအပြင် ဆက်သွယ်ရေးဥပဒေမှာပါတဲ့ ပုဒ်မတွေအကုန်လုံးကို ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတွေလို့ ပြဋ္ဌာန်းထားပြီး အဲဒီအမှုကို တရားစွဲမယ်ဆိုရင်လည်း ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရရှိရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ လူမှုကွန်ရက် ဖေ့စ်ဘွတ်မှာ မမှန်မကန်တဲ့ သတင်းတွေ ရေးသားဖော်ပြမယ်ဆိုရင်ရော ဘယ်လိုအရေးယူလို့ရပါသလဲ။**

**ဒေါ်ခင်မြတ်မွန် ။** ။ လူမှုကွန်ရက်မှာ မမှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ အကြောင်းအရာတွေကို၊ ဖြန့်ချိမယ်ဆိုရင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) အရ အရေးယူနိုင်ပါတယ်။ အဲဒီလို အရေးယူဆောင်ရွက်တဲ့အခါမှာ ဒီပြစ်ဒဏ်ပိုင်းအနေနဲ့ ပြောရရင် ထောင်ဒဏ်တစ်နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်။ ဒါကြောင့်မို့ ဖေ့စ်ဘွတ်သုံးစွဲသူတွေအနေနဲ့ မမှန်ကန်တဲ့ သတင်းတွေ၊ အကြောင်းအရာတွေကို ကိုယ်တိုင်တင်တာပဲဖြစ်စေ၊ ပို့စ်တင်လိုက်တဲ့အပေါ် ပြန်မျှဝေတာပဲဖြစ်ဖြစ် အထူးသတိပြုဖို့လိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဆက်သွယ်ရေးပစ္စည်းတွေကို လက်ဝယ်အသုံးပြုမယ်ဆိုရင်ရော ဘယ်လိုတွေလုပ်လို့ရသလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါ်မြတ်ဆုဝင်း ။** ။ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းတွေကို လက်ဝယ်ထား အသုံးပြုမယ်ဆိုရင် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကို တရားဝင် လိုင်စင်လျှောက်ထားရယူပြီးမှသာ အသုံးပြုရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် စကားပြောစက်လိုမျိုးပစ္စည်းတွေကို လက်ဝယ်ထားမယ်ဆိုရင် တရားဝင်ခွင့်ပြုချက်လိုင်စင် လျှောက်ထားရမှာ ဖြစ်ပါတယ်။

လိုင်စင်ရယူပြီး အသုံးပြုဖို့ သတ်မှတ်ထားတဲ့ ဆက်သွယ်ရေးပစ္စည်းတွေကို လိုင်စင်မရှိဘဲနဲ့ သုံးမယ်ဆိုရင်တော့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ အရ တစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမှာ ဖြစ်လို့ ပြည်သူတွေအနေနဲ့ မိမိတို့အသုံးပြုတဲ့ ဆက်သွယ်ရေးပစ္စည်းတွေက ခွင့်ပြုချက် လိုင်စင်ရယူဖို့ လို မလို စုံစမ်းပြီးမှ အသုံးပြုဖို့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဆက်သွယ်ရေးဥပဒေတွေဟာ ဘယ်နေရာဒေသတွေအထိ အာဏာသက်ရောက်မှုရှိသလဲဆိုတာကို သိချင်ပါတယ်။**

**ဒေါ်မြတ်ဆုဝင်း ။** ။ နိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်းရှိသူတွေ၊ နိုင်ငံတော်ပြင်ပ မည်သည့် အရပ်ဒေသ၌မဆို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအထိ အာဏာသက်ရောက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံပြင်ပကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေက ဆက်သွယ်ရေးဥပဒေကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုရင် ဆက်သွယ်ရေးဥပဒေနဲ့ အရေးယူနိုင်မှာ ဖြစ်ပါတယ် ။

**အစီအစဉ်မှူး ။ ။ ပြည်သူတွေရော ဘယ်လိုအသိပညာများ ပေးလိုပါသလဲ။**

**ဒေါ်ခင်မြတ်မွန် ။** ။ ယနေ့ခေတ်မှာ ခေတ်မီနည်းပညာတွေကို အသုံးပြုလာကြတယ်။ နောက်ပြီးတော့ ခေတ်မီတဲ့ စက်ပစ္စည်းကိရိယာတွေကို အသုံးပြုလာတဲ့အတွက်ကြောင့် ဒီစက်ကိရိယာတွေရယ်၊ နည်းပညာတွေရယ်ကို အသုံးပြုပြီးတော့ ရာဇဝတ်မှုတွေ ကျူးလွန်လာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုနေတဲ့ ပြည်သူတွေအနေနဲ့ ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို အသုံးပြုတဲ့နေရာမှာ အထူးသတိထားစေလိုပါတယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုက ကိုယ့်ရဲ့ Facebook Account ကို အခြားသူတစ်ယောက်က ယူသွားမယ်၊ အဟတ်ခံရတာပေ့ါ။ အဲဒီလို အဟတ်ခံရရင် ကိုယ့်ရဲ့ Personal Information တွေ ကိုယ်ရေးအချက်အလက်တွေ ပါသွားနိုင်တယ်။ ဒ့ါအပြင် ဒီထက် သိရှိနိုင်သကဲ့သို့ အရေးကြီးတဲ့ အချက်အလက်တွေ ဥပမာအားဖြင့် ဘဏ်အကောင့်တွေ ပါမယ်ဆိုရင် ကိုယ့်ရဲ့ဆုံးရှုံးနစ်နာမှုက ကြီးသွားမယ်။ အဲဒီလိုဆုံးရှုံးနစ်နာမှုတွေ ကြီးသွားတဲ့အတွက်ကြောင့်မို့ ကိုယ့်ရဲ့အကောင့်ကို အခြားလူဆီ အဟတ်မခံရဖို့ သတိထားသုံးဖို့ လိုအပ်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုဆိုရင် Facebook Accountတွေကနေ ငွေပေးငွေယူ လိမ်လည်မှုတွေ၊ ငွေကြေးလိမ်လည်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အဲဒီအပေါ်မှာရော ငွေကြေးလိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး ဒီအပေါ်မှာရော ဘယ်လိုဆောင်ရွက်သင့်တယ်လို့ ထင်ပါသလဲရှင်။**

**ဒေါ်မြတ်ဆုဝင်း ။** ။ Facebook Account အစစ်တစ်ခုကို အကောင့်အတုတွေက ဝိုင်းဝန်းထောက်ခံပြီး လိမ်လည်နေတာတွေ ဖြစ်ပွားနေပါတယ်။

*စာမျက်နှာ ၁၀ သို့*

# မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

၂၂။ စီမံခန့်ခွဲရေးအဖွဲ့သည် စက်ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းတို့နှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ ကုန်ဝယ်အမှာစာများနှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)တွင် အကျုံးမဝင်သော စာချုပ်စာတမ်းများနှင့်ပတ်သက်၍ ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်၍လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်းပြုနိုင်သည်။

**အခန်း (၆)**

**ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၃။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့်လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဝင်ငွေနှင့်အကျိုးအမြတ် တိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်စေခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် သုတေသနဌာနဖွင့်လှစ်၍ စူးစမ်းရှာဖွေမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ ကျွမ်းကျင်တတ်မြောက်ရေးအတွက် လိုအပ်သော သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊

(စ) ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူက လွယ်ကူအဆင်ပြေချောမွေ့စွာ ရယူအသုံးပြုနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ယင်းလုပ်ငန်းများ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်ကိုညှိနှိုင်း၍ ဖြည့်ဆည်းပေးခြင်း၊

(ဇ) ဆက်သွယ်ရေး အခြေစိုက်စခန်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ဈ) ဆက်သွယ်ရေးလမ်းကြောင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ လျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ည) ဆက်သွယ်ရေးအခြေစိုက်စခန်းများက တာဝန်ခံ၍လုပ်ဆောင်နိုင်သော အခြားဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းစီမံချက်များကိုစီမံခန့်ခွဲရေးအဖွဲ့မှ တစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြခြင်း၊

(ဌ) ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဍ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍ စစ်မေးခြင်း၊ လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဎ) စီမံခန့်ခွဲရေးအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊

(ဏ) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ယင်းအဖွဲ့အစည်းဝင်နိုင်ငံများနှင့် လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီထားသည့် စာချုပ်ဝင်နိုင်ငံများနှင့် လည်းကောင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၄။ ကော်ပိုရေးရှင်း၏လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက်ချိတ်ဆက်ခများ၊ အခြားအခကြေးငွေနှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သောပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းများအတွက်အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့် စည်းကမ်းများကိုအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(င) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(စ) ကော်ပိုရေးရှင်း ပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ ( Intellectual Property Rights ) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း။

**အခန်း (၇)**

**ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများလုပ်ကိုင်ခြင်း**

၂၅။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို ဆက်သွယ်ရေး ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်နိုင်သည်။

၂၆။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ဆက်စပ်သည့် အခြားစီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၇။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ်ချုပ်ဆို၍ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တည်ဆောက်- လုပ်ကိုင်- လွှဲပြောင်း (Build Operate Transfer- BOT) စနစ်စသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

**အခန်း(၈)**

**ဝန်ထမ်းရေးရာကိစ္စများ**

၂၈။ ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

၂၉။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်းသို့ ၎င်းတို့ ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့်ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာ ချထားပေးနိုင်သည်။

(ဂ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင်သော်လည်းကောင်း၊ အခြားဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်လျှင်သော်လည်းကောင်း ထိုဝန်ထမ်းများအား တည်ဆဲဥပဒေနှင့်အညီ လျော်ကြေးပင်စင်ခံစားခွင့်ပြုရမည်။

၃၀။ ဝန်ကြီးဌာနသည် -

(က) အောက်ပါကိစ္စရပ်များအတွက် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရန် စီစဉ်ဆောင်ရွက်ပေးရမည်-

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပင်စင်ခံစားခွင့်များ၊

(၂) ဤဥပဒေအရဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စများ ၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ရန် တာဝန်များ။

(ခ) ကော်ပိုရေးရှင်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ကနဦးမတည်ရင်းနှီးငွေကို ကော်ပိုရေးရှင်းက အဆိုပြုတင်ပြစေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှစိစစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံရမည်။

၃၁။ အမှုဆောင်အရာရှိချုပ်သည် စီမံခန့်ခွဲရေးအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ -

(က) ဝန်ထမ်းများအားခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအရခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ ကော်ပိုရေးရှင်းသည် -

(က) ကော်ပိုရေးရှင်း ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ ဥပဒေနှင့်အညီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းဝန်ထမ်းများအား ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးဝန်ဆောင်မှု နည်းပညာများ တတ်မြောက်စေရေးအတွက် ပြည်တွင်းပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်ပိုရေးရှင်းဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်တွင်ထိခိုက်မှု အာမခံအကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဌာန အသီးသီးရှိ တာဝန်ခံဝန်ထမ်းများက ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

**အခန်း(၉)**

**ဆုကြေးငွေချီးမြှင့်ခြင်း**

၃၃။ အမှုဆောင်အရာရှိချုပ်သည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်ပိုရေးရှင်း၏လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ထားသောဆုကြေးကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

**အခန်း (၁၀)**

**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ**

၃၄။ ကော်ပိုရေးရှင်းသည် အောက်ပါရငွေများဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများ၊

(ခ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ပြည်တွင်းပြည်ပရှိငွေကြေးများ၊ ရန်ပုံငွေများ၊ နိုင်ငံခြားသုံးငွေများ၊ သက်ဆိုင်ရာလုပ်ငန်းများသို့ ကြိုတင်ထုတ်ပေးငွေများ၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ အခြားအခွင့်အရေးများ၊ အဆိုပါပိုင်ဆိုင်မှုများမှ ဆင့်ပွားဖြစ်လာသည့် အတိုးရငွေနှင့် အကျိုးအမြတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရှယ်ယာများ၊ ချေးငွေစာချုပ်များ၊ ချေးငွေပေးထားသည့် ဒီဗင်ချာများ၊ အာမခံလုပ်ငန်းနှင့် သက်ဆိုင်သည့်ငွေများ၊

(ဂ) စုဆောင်းငွေမှ အတိုးရငွေများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရာမှရရှိသော အကျိုးအမြတ်များ။

၃၅။ ကော်ပိုရေးရှင်းသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင်ပုံသေပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် ခန့်မှန်းတန်ဖိုးတွက်ချက်၍ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် နိုင်ငံတော်က မတည် ထုတ်ပေးထားသော ရင်းနှီးငွေများတွင် ထည့်သွင်းဖော်ပြထားရမည်။

(ခ) မိမိပိုင်မတည်ငွေရင်းများဖြင့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ ( Private Company ) ကိုဖြစ်စေ ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ ( Public Company) ကိုဖြစ်စေ၊ ဖက်စပ်ကုမ္ပဏီ ( Joint-venture Company )ကို ဖြစ်စေ တည်ထောင်သည့်အခါ မိမိထည့်ဝင်သည့် မတည်ငွေရင်းများကို ကာလပေါက်ဈေးတန်ဖိုး ( Market Value) ဖြင့် တန်ဖိုးသင့်၍ထည့်ဝင်ရမည်။

(ဂ) နှစ်စဉ်ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကိုရေးဆွဲ ပြီး စီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ ပေးပို့၍ စီမံချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

(င) ရငွေသုံးငွေများကို ပြည်တွင်းပြည်ပဘဏ်များတွင် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်စာရင်းများကို ဖွင့်လှစ်ထားရှိရမည်။

(စ) မိမိရရှိသော နိုင်ငံခြားသုံးငွေကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်း အလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဇ) တည်ဆဲအခွန်အကောက်ဥပဒေအရ မိမိ၏ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်မပြုသော ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အောင်ပွဲရ မြန်မာ မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၃) ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် ငွေ လေးခု၊ ကြေး နှစ်ခု ရရှိခဲ့ကြသည့် အောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ ညပိုင်းက ဗဟန်းမြို့နယ် M 3 စားသောက်ဆိုင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မီတာ ၅၀ နောက်ပြန်ကူး ငွေတံဆိပ်ဆုရ ကျော်ထူးနှင့် မီတာ ၁၀၀ နောက်ပြန်ကူး ငွေတံဆိပ်ဆုရ အောင်မြင့်မြတ်၊ မျက်မမြင်စစ်တုရင်တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကောင်းစံနှင့် မျက်မမြင် စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကောင်းစံ၊ မျိုးစံအောင်နှင့် သန်းဌေးတို့အား ငွေကျပ်သိန်း ၃၀ ဂုဏ်ပြုချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသားရေကူး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ အောင်မြင့်မြတ်နှင့် မီတာ ၁၀၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ အောင်ငြိမ်းဦးတို့အား ငွေကျပ်သိန်း ၂၀ စီနှင့် နည်းပြဆရာများအား ငွေကျပ် ငါးသိန်းစီတို့ကို ချီးမြှင့်ခဲ့ကြသည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင်မသန်စွမ်းအဖွဲ့နှင့် အာရှအဆင့် အဆင့် (၅) သို့ တက်လှမ်းနိုင်ခဲ့သော ထိုင်လျက်ဘော်လီဘောအသင်းတို့အား ဂုဏ်ပြုဆုငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလွင်က လက်ခံရယူခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၇၅ သိန်း၊ အလှူရှင်များက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ လှူဒါန်းငွေကျပ် ၈၂ သိန်း၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အားကစားသမားများအား ချီးမြှင့်ငွေကျပ်သိန်း ၅၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၇ သိန်းကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေကေလင်း**

**ဓာတ်ပုံ - ဗလစိုး**




**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် မျက်မမြင်အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ အားကစားအသင်းအား ဆုချီးမြှင့်စဉ်။**

---

▲ *ကျော့ဖုံးမှ*

MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို အနည်းဆုံး ခုနစ်သင်း၊ အများဆုံး ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများကို လိဂ်ကော်မတီ အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။ ၂၀၁၆ ရာသီအပြီးတွင် ပထမတန်းမှ အသင်းအများစုမှာ အသင်းဖျက်သိမ်းမှုများရှိခဲ့ပြီး ၂၀၁၈ ရာသီတွင် အသင်း ခုနစ်သင်းဖြင့်သာ ကျင်းပနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲများကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာလတွင် အပြီးကျင်းပမည် ဖြစ်သည်။ လူငယ်လိဂ်ပြိုင်ပွဲများကိုလည်း ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ပြီး MNL ယူ-၂၁ ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်၊ MNL ယူ-၁၉ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်၊ MNL-2 ယူ-၂၀ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်၊ MNL-2 ယူ-၁၈ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



**မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စက်တင်ဘာလက စင်ကာပူ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ ကစားခဲ့စဉ်။**

ဓာတ်ပုံ-စိုးညွန့်

❍ *ကျော့ဖုံးမှ*

နီပေါအသင်းကို ၁၁ ဂိုး - တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ - ၁၆ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်ပြီး ကစားသမား ၃၀ ရွေးချယ်ထားသည်။ မြန်မာ ယူ - ၁၆ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❐ *ကျော့ဖုံးမှ*

ဆုပေးပွဲအခမ်းအနားတွင် ပြိုင်ပွဲကို လက်ခံကျင်းပပေးသော ရဲမွန်ကျွန်းသာယာဂေါက်ကွင်းအား အမှတ်တရ လက်ဆောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၂၀ ကို Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက ပေးအပ်ရာ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း (ကိုယ်စား)တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော Mottama Holdings Ltd. အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ Mottama Holdings Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးရန်ဟော်က လက်ခံရယူသည်။

**ဆုချီးမြှင့်**

ရှေးဦးစွာ Hole in One ဆုရရှိခဲ့သော ပညာရှင်အဆင့် ကစားသမား သန်းနိုင်အား နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ခင်မောင်ဦးက ပေးအပ်သည်။ ဆက်လက်၍ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေက ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၃၈ ချက်ဖြင့် ဒုတိယရရှိခဲ့သော ပြုံးပြုံးထွေးနှင့် စုစုပေါင်း ရိုက်ချက် ၂၃၂ ချက်ဖြင့် ပထမဆုရရှိခဲ့သော မေဦးခိုင်အား ဆုများချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ပထမရရှိသော မင်းနိုင်စိုးအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့် ပထမဆုရရှိသော ဇော်ဇော်လတ် (Han Golf Academy) အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်ပုံက ဆုချီးမြှင့်သည်။ ထို့နောက် Mottama Holdings Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်က ပညာရှင်အဆင့်တွင် ပထမဆုရရှိသော ဇော်ဇော်လတ် (Han Golf Academy) အား ဂုဏ်ပြုချက်လက်မှတ် ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**

**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် အောက်တိုဘာ ၂၁** - ကျိုက္ခမီမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်သည်။

**မိုး/ဇလ**

---

*စာမျက်နှာ ၈ မှ*

ငွေကြေးလိမ်လည်မှုများမှာ ဖေ့စ်ဘွတ်ကို အဓိကထား အသုံးပြုတာမဟုတ်ပေမယ့်လည်း ငွေကြေးလိမ်လည်မှု စတင်ဖြစ်ထွန်းရာ ဇာစ်မြစ်ကတော့ ဖေ့စ်ဘွတ်မှ စတင်ဆက်သွယ် ယုံအောင်ပြောတယ်။ အပြင်မှာတွေ့ကြတယ်။ အဲဒီတော့ ယုံအောင်ပြောပြီး လိမ်လည်တာတွေ ဖြစ်ပေါ်နေပါတယ်။

**ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်**

ဒီဆက်သွယ်ရေးကွန်ရက်ကို သုံးပြီးတော့ ငွေကြေးနဲ့ ပစ္စည်းတွေကို ခိုးယူမယ်၊ လိမ်လည်မယ်၊ အလွဲသုံးစားပြုမယ် ဒါမှမဟုတ် အကျိုးပျက်စီးမယ်ဆိုရင်တော့ ဆက်သွယ်ရေးဥပဒေ ၆၆(ဂ)အရ သုံးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်မှာ ဖြစ်ပါတယ်ရှင်။

**အစီအစဉ်မှူး ။ ။ အခုဆိုရင် ဖေ့စ်ဘွတ်ကတစ်ဆင့် Online တွေမှာ လောင်းကစား ပြုလုပ်မှုတွေလည်း ရှိနေတယ်။ ဒီလောင်းကစားပြုလုပ်မှုတွေကို ဘယ်လိုဥပဒေအရ အရေးယူလို့ရသလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါ်မြတ်ဆုဝင်း** ။ ။ Facebook Online မှာ ရှမ်းကိုးမီး လောင်းကစား ကြော်ငြာတွေ တင်ထားပြီး Admin က အကောင့်ဖွင့်တယ်။ ပြီးတော့ Master Agent တွေ Agent ထားတယ်။ ပြီးတော့ လောင်းကစားသူ Player နဲ့ ခုနက Agent တွေနဲ့ ဆက်သွယ်တယ်။ လောင်းကြေးငွေယူနစ်တွေ သတ်မှတ်ပြီးတော့ လောင်းကြေးငွေတွေ ရောင်းဝယ်ယူတာ၊ လောင်းကြေးငွေယူနစ်တွေအပေါ်မှာ အကောက်ရတာတွေကို လောင်းကစားဥပဒေအရ အရေးယူနိုင်မှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေမှာ ဆက်သွယ်ရေးကွန်ရက်ကိုသုံးပြီးတော့ လောင်းကစားပြုလုပ်ခြင်းနှင့် ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းထားတာမပါရှိတဲ့အတွက် လောင်းကစားခြင်းကို စီမံဆောင်ရွက်သူ၊ ဒိုင်တွေကို လောင်းကစားဥပဒေပုဒ်မ ၁၄(က)၊ လောင်းကစားသူတွေကို ဥပဒေပုဒ်မ ၁၃(က) အရ အရေးယူနိုင်မှာ ဖြစ်ပါတယ်ရှင်။

**အစီအစဉ်မှူး ။ ။ အခုတလော ပြည်သူတွေ စိတ်ဝင်စားနေတဲ့ စုမဲနဲ့ ပတ်သက်ပြီးတော့ အွန်လိုင်းရှယ်ယာတွေ လိမ်လည်မှုတွေဖြစ်ပေါ်နေပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ရော ဘယ်လိုမျိုးဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဒေါ်ခင်မြတ်မွန်** ။ ။ ဒီမေးခွန်းလေးကတော့ အခု လတ်တလောမှာ ခေတ်စားနေတဲ့ အကြောင်းအရာလေးပဲ ဖြစ်ပါတယ်။ အခုခေတ်မှာဆိုရင် ဖေ့စ်ဘွတ်ကတစ်ဆင့် ငွေလိမ်လည်တဲ့အမှုတွေက အတော်များလာတာတွေ့ရပါတယ်။ ဘာဖြစ်လို့ အဲဒီလို များလာတာလဲဆိုရင် ဖေ့စ်ဘွတ်ရဲ့ Security တွေ၊ Social Network တွေကို သေချာမသိတာတွေ၊ အယုံလွယ်တာတွေကြောင့် ဒီလိုလိမ်လည်မှုတွေ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ ဒီ Social Network ဆိုတာကလည်း ဒီ Social Network ကို များသောအားဖြင့် အသုံးပြုကြတယ်ဆိုတာကလည်း ကိုယ့်ရဲ့ မိတ်ဆွေတွေ တိုးပွားဖို့ရယ်၊ အပြင်မှာတွေ့တဲ့ မိတ်ဆွေတွေ၊ ကိုယ့်ရဲ့ဆွေမျိုးတွေနဲ့ အွန်လိုင်းကနေတစ်ဆင့် ချိတ်ဆက်ပြီး ဆက်သွယ်နိုင်ဖို့တွေ၊ ကိုယ်ရရှိလာတဲ့အတွေ့အကြုံ ဗဟုသုတတွေကို မျှဝေနိုင်ဖို့အတွက် ဒီ Social Network ကို သုံးတာဖြစ်ပါတယ်။ ဒါပေမယ့် တကယ့်တကယ် ငွေပေးငွေယူလုပ်တဲ့ကိစ္စတွေမှာဆိုရင် ယုံကြည်စိတ်ချရလောက်အောင် ခိုင်မာတဲ့နေရာ မဟုတ်ဘူးဆိုတာကို အသိပေးလိုပါတယ်။

**ရှယ်ယာခေါ်ယူ လိမ်လည်မှု**

နောက်တစ်ခုက Facebook Social Network ကို လူသုံးများလာတဲ့ အခါကျတော့ ဖေ့စ်ဘွတ်က ဈေးကွက်ရှာတဲ့နေရာတွေ ဖြစ်လာပြီးတော့ နာမည်ကြီးပြီးတော့ လူသိများလာတဲ့ လိမ်လည်မှုနှစ်ခု ရှိပါတယ်။ စုမဲလိမ်ခြင်းနဲ့ ရှယ်ယာငွေတွေကိုလိမ်တဲ့ လိမ်လည်မှုတွေ ဖြစ်ပါတယ်။ ရှယ်ယာခေါ်ယူပြီး လိမ်လည်တဲ့အမှုဆိုတာက အွန်လိုင်းပေါ်ကနေ ရှယ်ယာအမည်ခံတယ်၊ ပိုက်ဆံတွေထည့်ခိုင်းတယ်၊ ထည့်ခိုင်းပြီးတော့ လိမ်လည်တယ်။ ဘယ်လိုလိမ်လဲဆိုတော့ အမြတ်ငွေရဲ့ ၁၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်း အထိပေါ့။ အမြတ်ငွေတွေကို လစဉ်ပုံမှန်ပေးပြီး ယုံကြည်လာတယ်၊ ယုံကြည်အောင် စည်းရုံးပြီးမှ နောက်ထပ်ထည့်ဝင်သူတွေရဲ့ ငွေတွေကို ရှေ့လူတွေကို အမြတ်ငွေပေးတယ်။ အယုံလွယ်တဲ့ ဖေ့စ်ဘွတ်သုံးသူတွေကို အသုံးပြုပြီးတော့ ကျူးလွန်ကြတာ ဖြစ်ပါတယ်။

တည်ဆဲဥပဒေအရဆိုရင်တော့ ငွေကြေး ရှယ်ယာခေါ်ယူတဲ့ လုပ်ငန်းအမျိုးအစားဆိုတာက သာမန်ကုမ္ပဏီမှတ်ပုံတင်ရုံနဲ့ လုပ်ကိုင်ခွင့်ရတဲ့ လုပ်ငန်းအမျိုးအစား မဟုတ်ဘူး။ သူတို့ကကျတော့ ဒီလုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ကျော်ဖြတ်ပြီး တော့မှသာလျှင် အများပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး လုပ်ကိုင်လို့ရတဲ့ လုပ်ငန်းအမျိုးအစား ဖြစ်ပါတယ်။

**ငွေကြေးသုံးစွဲတဲ့နည်းပညာမြင့်**

ဒါကြောင့်မို့ တရားဝင်လုပ်ကိုင်ခွင့်မရှိတဲ့ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေကို ကျော်ဖြတ်ပြီးမှ ရှယ်ယာခေါ်ယူလုပ်ကိုင်တယ်ဆိုတာ ဥပဒေကို ချိုးဖောက်တာပဲဖြစ်တယ်။ အဲဒီလို ဥပဒေကို ချိုးဖောက်တဲ့အခါကျတော့ ငွေကြေးဆုံးရှုံးနစ်နာတဲ့သူတွေက အမှုဖွင့် တိုင်တန်းရပါတယ်ရှင်။ အခုခေတ်မှာ ငွေကြေးသုံးစွဲတဲ့ နည်းပညာမြင့်မားလာတဲ့အတွက် ငွေချေတဲ့အခါမှာဆိုရင် အရင်က ပိုက်ဆံလေးတွေကိုင်ပြီး ငွေချေနေကြတာလေ။ ဒါပေမယ့် အခု နည်းပညာတွေမြင့်မားလာတော့ သူတို့တွေက ဘာတွေသုံးလာသလဲဆိုရင် Credit Card တို့၊ Prepaid Card တို့၊ MPU Card၊ Master Card တို့ နောက်ပြီးတော့ Union Pay Card အဲဒီလိုမျိုးနဲ့ ငွေပေးချေနေကြတာပေါ့။ အဲဒါကို e-Banking , Mobile Banking လို့လည်းခေါ်တာပေါ့။ နောက်တစ်ခုအဖြစ်များလာတာကတော့ Bitcoin ပေါ့။ Bitcoin က လျှို့ဝှက်ငွေကြေးဖြစ်တယ်။ Bitcoin ရဲ့ နောက်ဆက်တွဲအနေနဲ့ Cryptocurrency ငွေကြေးတွေကလည်း အမျိုးအစားပေါင်း ၁၅၀၀ ကျော်လောက် ပေါ်ထွက်နေတာပေါ့။ ဒါတောင်မှ ဈေးကွက်မဝင်ဘဲ ဈေးကွက်ဝင်ဖို့ ပြင်ဆင်ထားတဲ့ ငွေကြေးအမျိုးအစားပေါင်း Cryptocurrency , Pre - Coin တွေကလည်း အများအပြားရှိနေပါတယ်။

**အများကြီးနစ်နာဆုံးရှုံး**

အခုလတ်တလော ဖြစ်ပွားခဲ့တဲ့အမှုတစ်ခုဆိုရင် တရားခံကနေ နာမည်တစ်ခုကိုသုံးပြီး Online ကနေတစ်ဆင့် ဆင့်ပွားကြော်ငြာတဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေကို Agent နဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြီးတော့မှ ရှယ်ယာရှင်တွေကို ခေါ်တာပေါ့နော်။ အဲဒီလို ရှယ်ယာရှင်တွေခေါ်လိုက်တဲ့အခါကျတော့ ကြော်ငြာ Page တွေကို သူပြန်ရောင်းတယ်။ Bitcoin ရောင်းဝယ်တဲ့အလုပ်တွေ သူလုပ်ပြီးတော့ ပြည်သူတွေကို စည်းရုံးပါတယ်။ ကုမ္ပဏီတွေ ဖွင့်ထားတယ်။ နိုင်ငံတကာတရားဝင် အစုရှယ်ယာရောင်းချခွင့်ပြုထားတဲ့ကုမ္ပဏီထဲမှာ မပါဝင်ဘူး။ အဲဒီတော့ ဒီလို တရားမဝင်လုပ်ပြီးတော့ ဖေ့စ်ဘွတ်ကို အသုံးပြုပြီးတော့မှ ကျူးလွန်ခံရတဲ့ ပြည်သူတွေအတွက်ကျတော့ အများကြီးနစ်နာဆုံးရှုံးမှုတွေ ရှိတာပေါ့။ ဒါကြောင့်မို့ ပြည်သူတွေကလည်း ဖေ့စ်ဘွတ်ပေါ်က လိမ်လည်မှုတွေမှာ သားကောင်မဖြစ်စေဖို့အတွက် အဲဒါလေးကိုသတိပြုမိစေဖို့ အသိပညာပေးလိုပါတယ်။

**ခင်ရတနာ၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သိန်း**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ဃ) ဤပုဒ်မအရ တင်ပြထားသည့် အပိုင်း(၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များ အစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-

(၁) ပြင်ဆင်ချက်မရှိဘဲ အတည်ပြုသည်၊

(၂) ပြင်ဆင်ချက်ဖြင့် အတည်ပြုသည်၊ သို့မဟုတ်

(၃) ပယ်သည်။

(င) အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ် (ပြင်ဆင်ချက်များအပါအဝင်) ကို ပုဒ်မ ၁၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်အများစုက သဘောတူညီပါက အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးသည် အစီအစဉ်ပါအချက်များကို တရားဝင်မှတ်တမ်းတင်ပြင်ဆင်ရမည်။ ထိုမှတ်တမ်းကို အပိုင်း (၆) လုပ်ငန်းကိုယ်စားနှင့် အဆိုပြုအစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးရမည်။

**အပိုင်း(၆)လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ပျက်ကွက်ခြင်း**

၁၂၄။ (က) ဤအပိုင်းအရ လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အပိုင်း (၆) လုပ်ငန်းစဉ်စတင်ပြီး ရက်သတ္တ (၁၀) ပတ်အတွင်း အတည်ပြုနိုင်ခြင်းမရှိပါက ထိုအပိုင်း (၆) လုပ်ငန်းစဉ် ရပ်စဲသွားမည်ဖြစ်ပြီး ထိုသို့ ရပ်စဲသွားကြောင်းကို အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်-

(၁) ပြန်လည်ထူထောင်ရေးအကြံပေး၊

(၂) မှတ်ပုံတင်အရာရှိ၊ နှင့်

(၃) ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအစီအစဉ်မိတ္တူပေးပို့ထားသူများ။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သည့်အကြောင်းကြားစာသည် နည်းဥပဒေတွင် ဖော်ပြထားသည့်ပုံစံအတိုင်း ဖြစ်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကိုလက်ခံရရှိလျှင် ၎င်းအား ခန့်အပ်မှုသည် ရပ်စဲစေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ထိုစာကို မှတ်ပုံတင်စာရင်းသွင်းရမည်။

(င) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ယင်းလုပ်ငန်းနှင့် ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**အခန်း (၄)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်**

**အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၁၂၅။ (က) အပိုင်း(၆)လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါအခြေအနေများတွင် စတင်အကျိုးသက်ရောက်စေရမည်-

(၁) အပိုင်း (၆)လုပ်ငန်းသည် ပုဒ်မ ၁၂၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်လျှင်၊ ထို့ပြင်

(၂) ပုဒ်မ ၁၂၃ အရ အစည်းအဝေးကို မကျင်းပခဲ့လျှင်၊ ထို့ပြင် မြီရှင်အားလုံးရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့် ရေးသားကန့်ကွက်ခြင်းကို ပုဒ်မ ၁၂၂ အရ ၂၁ ရက်ကျော်သည်အထိ မရရှိလျှင်၊

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် ပုဒ်မ ၁၂၃ အရ မြီရှင်များအစည်းအဝေးကို ကျင်းပခဲ့ပြီး မြီရှင်အားလုံး ရရန်ရှိသောကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်း မြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ပြင်ဆင်ရေးဆွဲထားသည့် အစီအစဉ်အား မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်ခဲ့ခြင်းမရှိလျှင်။

(ခ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေတွင် ဖော်ပြထားသူများထံသို့ အလုပ်လုပ်ကိုင်ရက် (၂) ရက်အတွင်း အစီရင်ခံတင်ပြရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် အစည်းအဝေးတွင် မဲပေးခဲ့သည့် မှတ်တမ်းမိတ္တူကို မြီရှင်များက တောင်းခံလာပါက ထုတ်ပေးရမည်။

(ဃ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ တရားဝင်စာရွက်စာတမ်းကို ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့် ကာလအတွင်း အပိုင်း(၆) လုပ်ငန်းနှင့် အစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးရမည်။ ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် စတင်အကျိုးသက်ရောက်သည်။

**ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း**

၁၂၆။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ**

၁၂၇။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီအစဉ်ကြီးကြပ်သူသည် အပိုင်း (၆)လုပ်ငန်းနှင့် မြီရှင်များ၊ အစုရှယ်ယာရှင်များအကြား ကျေအေးညှိနှိုင်းမှုကို ဖြစ်စေသည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အပိုင်း(၆)လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်-

(၁) ပါဝင်မဲပေးခဲ့ခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာအခွင့်အရေးများ၊ ထို့အပြင်

(၂) အစည်းအဝေးကျင်းပသည်ဖြစ်စေ၊ မကျင်းပသည်ဖြစ်စေ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်ဖြစ်စေ၊ မတက်ရောက်ခဲ့သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏အခွင့်အရေးများ။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့်အချိန်တွင် တရားရုံး၌ စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် သမ္မန်စာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင်-

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုတွင် ၎င်းအား ထိုသို့ ခန့်အပ်ကြောင်းကို တင်ပြရမည်။

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် လျှောက်လွှာကို ပလပ်ရမည် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အမိန့် သို့မဟုတ် လူမွဲခံသည့်အမိန့်ကို ပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု**

၁၂၈။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေပေါ်ပေါက်ခဲ့သော မြီရှင်များ၏ တောင်းဆိုမှုများအားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ၎င်းအာမခံရရှိထားသော ပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်၊

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဂ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင်၊ သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အားရှိသည်-

(၁) အပိုင်း (၆)လုပ်ငန်း၊

(၂) အပိုင်း (၆)လုပ်ငန်း၏ သက်ဆိုင်ရာအရာရှိများ၊ ပိုင်ရှင်များနှင့် အစုဝင်များ၊ ထို့ပြင်

(၃) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) ထိုရှယ်ယာများတွင် တန်ဖိုးအလျော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ၏ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း**

၁၂၉။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ အချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုထားသည်မှတစ်ပါး အပိုင်း (၆) လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရ မြီရှင်များအပေါ် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း မပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် ပြန်လည်ထူထောင်ရေးအစီအစဉ်အရ သဘောတူထားသည်မှတစ်ပါး တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပြီး သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ငှားရမ်းထားပြီး အပိုင်း (၆)လုပ်ငန်းက အသုံးပြုနေသော သို့မဟုတ် နေထိုင်လုပ်ကိုင်သော သို့မဟုတ် လက်ဝယ်ရယူထားသောပစ္စည်းကို တရားရုံး၏ အမိန့်အရ ခွင့်ပြုထားသည်မှလွဲ၍ ထိုသူတို့က လက်ဝယ်ထားရှိခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ထိုအမိန့်ကို ချမှတ်နိုင်သည်-

(၁) ထိုအမိန့်ကို ချမှတ်ခြင်းမပြုပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကြီးမားသော ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ ရှိနိုင်ခြင်း၊ နှင့်

(၂) ထိုအမိန့်ပါအချက်အလက်များနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာအကာအကွယ်ပေးခြင်း။

**အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍ**

၁၃၀။ (က) အစီအစဉ်ကြီးကြပ်သူ၏ အပိုင်း (၆) လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ပြဋ္ဌာန်းထားသော အစီအစဉ်ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာတာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့် အပိုင်း (၆) လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-

(၁) အပိုင်း (၆)လုပ်ငန်း၏အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊ထို့ပြင်

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**တရားရုံးက ညွှန်ကြားနိုင်သည့်အာဏာ**

၁၃၁။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ အပိုင်း (၆) လုပ်ငန်း သို့မဟုတ် ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်လာသည့် မည်သည့်ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတ၍ အကျိုးရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်တစ်စုံတစ်ရာသတ်မှတ်၍ လျှောက်ထားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်တော်သည့် အမိန့်ကိုလည်း ချမှတ်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၁၃၂။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) အပိုင်း (၆)လုပ်ငန်း၊ အပိုင်း (၆)လုပ်ငန်းကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) အပိုင်း (၆)လုပ်ငန်း၏ ဝက်ဘ်ဆိုက်များအားလုံး။

***(ဆက်လက်ဖော်ပြပါမည်)***

# “ကြေးကြီးတယ်” ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၂၆ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်



ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)



သရုပ်ဆောင် ထွန်းကိုကို



သရုပ်ဆောင် အိချောပို



သရုပ်ဆောင် ROSHAM

ရန်ကုန် အောက်တိုဘာ ၂၁

**R-SQUARE ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးထားသည့် “ကြေးကြီးတယ်” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**

ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ) က “ဒီဇာတ်ကားကို ၂၀၁၆ ခုနှစ်က ရိုက်ခဲ့တာပါ။ တိုင်းပြည်ကောင်းစားဖို့အတွက် လူတိုင်းမှာ တာဝန်ရှိတယ်၊ ဥပဒေကို လူတိုင်းလေးစားလိုက်နာဖို့ လိုတယ်ဆိုတဲ့ အကြောင်းကို သတင်းစကားပေးထားတယ်။ ဒီဇာတ်ကားကိုကြည့်ပြီးသွားရင်တော့ ပရိသတ်တွေအနေနဲ့ နည်းနည်းလေးပြောင်းလဲသွားမယ်လို့ မျှော်လင့်မိပါတယ်။ ဒီဇာတ်ကားရိုက်ဖို့လုပ်တော့ ဆင်ဆာအခက်အခဲရှိခဲ့တယ်။ နောက်တစ်ခုကတော့ ဒီထဲမှာပါတဲ့ ဇာတ်ကောင်တစ်ခုက သရုပ်ဆောင် မဟုတ်ပါဘူး။ သူ့ကို အချိန်ပေးပြီးတော့ သင်ပြပြီးရိုက်ဖို့ အခက်အခဲဖြစ်ခဲ့ရတယ်။ ဒါကြောင့် ရိုက်တဲ့အခါမှာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်ခဲ့တာတွေရှိခဲ့တယ်” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် မြင့်မြတ်၊ နေမျိုးအောင်၊ ဇွဲနိုင်ဝင်း၊ ထွန်းကိုကို၊ အိချောပို၊ နေဆန်း၊ သတ္တိ၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်၊ မေမြတ်နိုး၊ အထူးသရုပ်ဆောင် Rosham နှင့် အခြားသော အနုပညာရှင်များ ပါဝင်ထားပြီး ဥပဒေကို ဖော်ဆောင်သူများအပါအဝင် ပြည်သူများ အားလုံးဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ စည်းကမ်းတကျ နေထိုင်တတ်စေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးထားသည့် ပညာပေး ဟာသအက်ရှင်ဇာတ်ကားတစ်ကား ဖြစ်သည်။

သရုပ်ဆောင် ထွန်းကိုကိုက “ဒီဇာတ်ကားထဲမှာ ကုမ္ပဏီပိုင်ရှင်တစ်ဦးပါ။ အနုနည်းနဲ့ ပညာသားပါပါကြမ်းတဲ့ ပုံစံမျိုး ပါဝင်ထားတာပါ။ သူလုပ်လိုက်တဲ့ အလုပ်တစ်ခုကြောင့် ကလေးတွေသေတဲ့သူ သေခဲ့ရတယ်။ ကိုယ်လုပ်လိုက်တဲ့ အရာလေးက ဘာမှမဟုတ်ပေမယ့် ပရိသတ်ဘက်က ပြန်ကြည့်ရင် ရင်နာစရာ အဖြစ်အပျက်မျိုးလေးပါ။ ကလေးတွေ အသည်းရောင်အသားဝါကာကွယ်ဆေး ထိုးလိုက်တယ်။ ထိုးပြီးတဲ့အခါမှာ ကလေးတွေ အကုန်လုံး ဆေးရုံရောက်ပြီး တချို့ကလေးတွေ အသက်ဆုံးရှုံးမှုဖြစ်သွားရတယ်။ အပြင်မှာလည်း ဒီဇာတ်ကားထဲက အဖြစ်အပျက်မျိုးတွေ ရှိနေတတ်ပါတယ်။ ဒါကြောင့် ကိုယ်ကစီးပွားရေးဆန်ဆန် လုပ်ပေမယ့် အများအတွက်ဆိုးကျိုးဖြစ်နေရင် မကောင်းပါဘူး။ ဒီဇာတ်ကားလေးက အသိပညာတွေ အများကြီးပေးထားပါတယ်” ဟု ပြောသည်။

အထူးသရုပ်ဆောင် Rosham ကလည်း ရုပ်ရှင်ဇာတ်ကားကြီးအနေဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သည်မှာ ဇာတ်ကား နှစ်ကားရှိပြီဖြစ်သော်လည်း ယခုဇာတ်ကားသည် ပထမဆုံးရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်ကြောင်း၊ ဆရာဝန်၏ပေါ့ဆမှုကြောင့် အမျိုးသမီးသေဆုံးခဲ့သည့်အတွက် စိတ္တဇဆန် သည့် လူသတ်သမားတစ်ဦးအဖြစ် ပါဝင်ထားကြောင်း၊ ဇာတ်လမ်းသဘောအရ ယခုခေတ်အခြေအနေနှင့် ကိုက်ညီမှုရှိကြောင်း ပြောသည်။

သရုပ်ဆောင် အိချောပိုက “ကိုမြင့်မြတ်ရဲ့မိန်းမနေရာကပါဝင်ထားတာပါ။ အိမ်ထောင်ရှင် မပီသတဲ့ ခပ်ဆိုးဆိုးမိန်းမပုံစံမျိုးပါ။ ပါဝင်ရတဲ့အခန်း ကနည်းပါတယ်။ ဒါပေမယ့် ပါရတဲ့ အခန်းတွေက လုပ်ကွက်တွေရှိပါတယ်။ လူတွေရဲ့စိတ်နေစိတ်ထား၊ အကျင့်စရိုက်နဲ့ စည်းကမ်းပိုင်းတွေကို ဖော်ပြပေးထားတဲ့ ပညာပေးဇာတ်ကားပါ။ လူတွေရဲ့လိုအပ်ချက်လေးတွေကို ဖြည့်စွက်ပြီး ပြသွားတဲ့ ပုံစံလေးတွေပါတယ်။ ပရိသတ်တွေလည်း ကြိုက်နှစ်သက်လိမ့်မယ်လို့ ထင်ပါတယ်” ဟု ပြောသည်။

စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းမှ အစ ပြုကာ ကျန်ရှိသည့် စည်းကမ်းပိုင်းများကိုလည်း ပရိသတ်များ သတိပြုမိစေရန် ပေါ်လွင်အောင် ရိုက်ကူးထောက်ပြထားကြောင်း၊ ပရိသတ်အနေဖြင့်လည်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီးပါက စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ဆင်ခြင်သွားနိုင်လိမ့်မည်ဖြစ်သည့် အပြင် မိမိ၏ ပတ်ဝန်းကျင်ကိုလည်း အလေးထားဆောင်ရွက်တတ်သည့် အလေ့အထများ တိုးပွားလာနိုင်လိမ့်မည်ဖြစ်ကြောင်း၊ မိမိသိရှိထားသည့် အသိပညာများကို ပြန်လည်ဝေမျှခြင်းဖြစ်ပြီး ဥပဒေကို လိုက်နာကာ စည်းကမ်းတကျနေထိုင်တတ်စေရန်အတွက် အသိပညာပေး ရိုက်ကူးထားခြင်းဖြစ်ကြောင်း ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) က ဆိုသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travel logue
၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၅ - BBC Click
၉း၂၅ - “ဝါလကင်းလွတ် သီတင်းကျွတ်”
၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ Borobudur (Indonesia)
၁၁း၁၅ - “ရိုးရာအလှနှင့်မှုန်းကာခြယ် မြတ်နိုးစဖွယ်မြို့ရွှေဆည်”
၁၂း၃၀ - “သီတင်းကျွတ်ပြန်ပြီလေ”
၁၃း၀၀ - Tasty Trip
၁၄း၁၀ - “ဆယ့်နှစ်လရာသီ အငြိမ့်သဘင်” (သီတင်းကျွတ်မီးထွန်းပွဲ)

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဒဿနိကဗေဒ အထူးပြု) ဒဿနိကဗေဒ
၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ “အပျော်အပျက်”
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - “၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်”
- “ချင်းဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ”
- “စီးပွားရေးစကားဝိုင်း” ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ (ပထမပိုင်း)

## ရွှေကူမြို့နယ်အတွင်း တရားမဝင် ရွှေတူးဖော်မှုများရှိနေ

ဗန်းမော် အောက်တိုဘာ ၂၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာအုပ်စု အတွင်း၌ တရားမဝင်ရွှေလုပ်ငန်းများ ပြုလုပ်နေကြရာ နမ့်ဖားချောင်းဘေး လယ်ယာမြေကွက်များပေါ်တွင် ရွှေတူးဖော်လုပ်ကိုင်နေမှုများ ရှိနေကြောင်း သိရသည်။

ယင်းကဲ့သို့ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုများ နှစ်စဉ်ရှိနေကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို မလိုလားကြောင်း တောင်သူတစ်ဦးက ပြောပြ၍ သိရသည်။ (၁၀၀)



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## တောဆင်ရိုင်းသုံးကောင်အား သစ်တောကြိုးဝိုင်းထဲသို့ အောင်မြင်စွာ မောင်းထုတ်နိုင်ခဲ့

ရေကြည် အောက်တိုဘာ ၂၁

ပုသိမ်မြို့နယ် သစ်ထုတ်လုပ်ရေးဒေသ မြန်မာ့သစ်လုပ်ငန်း EERU အဖွဲ့ခေါင်းဆောင် လင်းလင်းထွန်း၊ တိ/ကု မှူး မောင်စိုး၊ ဆင်ဖမ်းခေါင်းဆောင် စိန်ဝင်းထွန်းအဖွဲ့နှင့် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ တောခေါင်းများ၊ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံရွာသားများ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီမှစတင်ပြီး လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာအုပ်စု မရမ်းကုန်းကျေးရွာ အနောက်ဘက်တောအုပ်အတွင်း တောဆင်ရိုင်းသုံးကောင်ရောက် ရှိသတင်းကြောင့် ခြေရာခံခြေရာကောက်၍ လေးမျက်နှာသစ်တောကြိုးဝိုင်းအတွင်းသို့ ဆင်ဖမ်းအဖွဲ့မှ အောင်မြင်စွာ မောင်းထုတ်နိုင်ခဲ့သည်။

အဆိုပါ တောဆင်ရိုင်းများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကက္ကူကြီးကျေးရွာအုပ်စု၌ အောက်တိုဘာ ၁၆ ရက် ညများတွင်လည်းကောင်း၊ ၁၈ ရက် ညနှင့် ၁၉ ရက် နံနက်ပိုင်းတွင် ပန်းပုကွင်းကျေးရွာများ၌ ပြောင်းခင်းများ၊ စပါးခင်းများ၊ ငှက်ပျောတောများ၊ ကလောစိုက်ခင်းများကို ညဘက်ဝင်ရောက်၍ စားသောက်ကြပြီး လူနှင့်လူနေအိမ်များအား ဖျက်ဆီးခြင်းမရှိကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းသုံးကောင်သည် လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာဘက်ကလာသည်ဟုယူဆရပြီး ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများ၊ သစ်တောတောခေါင်းများ၊ ကုန်းပြင်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများမှ ကျေးရွာအတွင်းသို့ ဝင်ရောက်မှုမရှိစေရေး လူစုလူဝေးဖြင့် ဆူညံအောင်ပြုလုပ်ခြင်း ဗြောက်အိုးများဖောက်ခြင်းများ ပြုလုပ်၍ တားဆီးမှုများ ပြုလုပ်နေရကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

## ဗန်ကောက်- မဲဆောက်လမ်းပိုင်းတွင် မြန်မာလုပ်သားများလိုက်ပါသည့်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်မှုကြောင့် ၁၁ ဦးသေဆုံး



မဲဆောက် အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်- မဲဆောက်လမ်းပိုင်းတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီခန့်က မြန်မာလုပ်သား ၁၄ ဦး လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးက လမ်းဘေးသစ်ပင်ဝင်တိုက်မိ၍ ယာဉ်မောင်းအပါအဝင် ၁၁ ဦး သေဆုံးသွားကြောင်း မြန်မာအလုပ်သမား သံအရာရှိရုံးမှ သတင်းထုတ်ပြန်သည်။

ထိုင်းလူမျိုး ယာဉ်မောင်းတစ်ဦးအပါအဝင် ၁၅ ဦး လိုက်ပါလာသည့် ခရီးသည် ပို့ဆောင်ရေးယာဉ်သည် ဗန်ကောက်မြို့အနီးရှိ ဆမွတ်ဆခွန်ခရိုင် မဟာချိုင်မြို့မှ မဲဆောက်မြို့သို့ ထွက်ခွာလာစဉ် ကန်ဖယ်ဖစ်ခရိုင် ခေါင်းချူမြို့နယ် လုံစီခုံဒစ်(ချ်)အနီး ကားလမ်းမိုင်တိုင် ၄၂၁ ကီလိုမီတာ၌ လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို ဝင်တိုက်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်မောင်းအပါအဝင် မြန်မာလုပ်သားကိုးဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ ခုနစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ထားစဉ် မြန်မာလုပ်သားနှစ်ဦး ထပ်မံသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးကို ကန်ဖယ်ဖစ်ဆေးရုံနှင့် Klong Kronk ဆေးရုံများတွင် ဆေးကုသပေးနေပြီး အဆိုပါ မြန်မာလုပ်သားများအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအတွက် ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမား သံအရာရှိရုံးမှ အလုပ်သမား သံအရာရှိ ဦးအောင်မင်းက ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း၊ အဆိုပါ မြန်မာလုပ်သားများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စိစစ်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ကြေညာထားသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်ရန် အလုပ်သမားသံအရာရှိရုံး ဖုန်းနံပါတ်များဖြစ်သည့် ဦးစန်းမောင်ဦး ၀၉-၄၈၈၄၅၄၈၄၊ ဦးသန်းနိုင် ၀၆၅-၂၂၀၆၉၅၂၊ ဦးအောင်မင်း ၀၆၅-၃၂၀၆၉၅၃၊ ဦးဇော်မင်းအောင် ၀၆၅-၂၂၀၆၉၅၁ နှင့် ဦးဦးခင်မောင် ၀၉-၉၀၅၉၂၃၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ရာသီအလိုက် ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧက ချေးငွေနှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့် ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/- မှ ကျပ် ၁၀၀၀၀၀/- သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | သီးနှံအမျိုးအစား | တစ်ဧကချေးငွေနှုန်းထား(ကျပ်) |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **“တောင်သူ တစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင် အာမခံသောစနစ်”** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# အစုလိုက်ရွှေ့ပြောင်းသွားလာသူများထဲမှ အမျိုးသမီးများနှင့် ကလေးများကို မက္ကဆီကိုလက်ခံ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁**

ဟွန်ဒူးရပ်စ်နိုင်ငံမှ အစပြုလာသော လူစုလူဝေးလိုက် ရွှေ့ပြောင်းသွားလာကြသူများထဲမှ အမျိုးသမီးများနှင့် ကလေးများကို မက္ကဆီကိုအာဏာပိုင်များက လက်ခံခဲ့ကြသည်။ သို့သော် ဂွါတီမာလာ-မက္ကဆီကိုနယ်စပ်တွင် သောင်တင်နေသူ ထောင်ပေါင်းများစွာ



မက္ကဆီကိုနှင့် ဂွါတီမာလာနယ်စပ်ရှိ ဆန်ချီရိတ်မြစ်ကို ဖြတ်ကူးရန် ကြိုးပမ်းနေကြသော ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းသွားလာသူများကို တွေ့ရစဉ်။

ကျန်ရစ်နေသေးသည်။ အမေရိကန်သို့ ဦးတည်သွားနေကြသည့် လူစုလူဝေးလိုက် ရွှေ့ပြောင်းသွားလာနေကြသူများကို မက္ကဆီကို အဓိကရဏ်းနှိမ်နင်းသည့် ရဲများက တားဆီးထားကြသည်။

ဂွါတီမာလာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး လူးဝစ်မန်နျူရယ်လိုပက်ဇ်က ရွှေ့ပြောင်းသွားလာသူများထဲမှ အမျိုးသမီးများနှင့် ကလေးများကို လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက တက်ပချူလာမြို့ရှိ ခိုလှုံရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အေအက်ဖ်ပီသို့ ပြောသည်။

လူရာပေါင်းများစွာတို့မှာ မက္ကဆီကိုဘက်သို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းရင်း တံတားပေါ်တွင် တစ်ရက်တာမျှ အချိန်ကုန်ခဲ့ကြသည်။ ပြင်းထန်လှသည့် အပူချိန်နှင့် ဆာလောင်မှုဒဏ်ကိုပါ ရွှေ့ပြောင်းသွားလာသူများ ခံစားနေရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကမူ ရွှေ့ပြောင်းအခြေချမှုများကို ဆန့်ကျင်ပြီး ယခုကဲ့သို့ အစုလိုက် အပြုံလိုက် ရွှေ့ပြောင်းသွားလာကြခြင်းမှာ နိုင်ငံရေးအရ လှုပ်ရှားမှုတစ်ခုသာဖြစ်သည်ဟု ပြောသည်။ မက္ကဆီကိုအစိုးရကိုမူ အစုလိုက်ရွှေ့ပြောင်းသွားလာသူများကို တားဆီးပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ထရမ့်က ပြောသည်။

လွန်ခဲ့သော သီတင်းပတ်က သမ္မတထရမ့်သည် အဆိုပါဒေသတွင် အကူအညီများဖြတ်တောက်ကာ အမေရိကန်တပ်ဖွဲ့ကို တပ်ဖြန့်ချထားခြင်း၊ အမေရိကန်-မက္ကဆီကိုနယ်စပ်ကို ပိတ်ပစ်ခြင်းတို့ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဟွန်ဒူး ရပ်စ်သမ္မတနှင့် ဂွါတီမာလာ သမ္မတတို့သည်လည်း အဆိုပါပြဿနာကို ဖြေရှင်းရန် စနေနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစုလိုက်ရွှေ့ပြောင်းသွားလာသူများသည် ဟွန်ဒူးရပ်စ်နိုင်ငံ ဆန်ပက်ဒရိုဆူလာမြို့မှ အစပြုခဲ့ခြင်းဖြစ်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံတွင် ဆင်းရဲမွဲတေမှုနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းကြောင့် နိုင်ငံအတွင်းမှ ရွှေ့ပြောင်းလာကြခြင်းဖြစ်သည်။ ဟွန်ဒူးရပ်စ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကြမ်းဖက်မှု အများဆုံးဖြစ်ပွားရာ နေရာများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

**အေအက်ဖ်ပီ**

## ဂျပန်ကာကွယ်ရေးဝန်ကြီးအသစ် တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်ကာကွယ်ရေးဝန်ကြီးသစ်သည် အာရှပစိဖိတ်ဒေသမှအရေးပါသည့် တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် စင်ကာပူတွင် တွေ့ဆုံခဲ့သည်။ တာကာရှီအီဝါယာသည် ယခုလအတွင်းမှ ဂျပန်ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသူလည်းဖြစ်သည်။ နှစ်နိုင်ငံစလုံးမှကာကွယ်ရေးဝန်ကြီးများသည် သုံးနှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံဝန်ကြီးများသည် ဆက်ဆံရေးပိုမို ကောင်းမွန်လာရေး ကာကွယ်ရေးဆိုင်ရာများ အပြန်အလှန် ဖလှယ်တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ ကာကွယ်ရေးရုံးများအတွင်း အရေးပေါ်လိုင်းများကိုလည်း အမြန်တည်ဆောက်သွားဖွယ်ရှိကြောင်း သဘောတူခဲ့ကြသည်။ ထို့ပြင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ အပြန်အလှန် ချစ်ကြည်ရေးခရီးလည်ပတ်ကြရန်လည်း သဘောတူခဲ့ကြသည်။


ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် မဟာမိတ်များအဖြစ် အနီးကပ်ဆက်ဆံလိုကာ တစ်ချိန်တည်းမှာပင် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားပြီး ဒေသအတွင်းတည်ငြိမ်မှုကို ထိန်းသိမ်းထားလိုသည်ဟု သတင်းထောက်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနှင့်ချုပ်ဆိုထားသော နျူကလီးယားလက်နက်စာချုပ်မှ အမေရိကန် နုတ်ထွက်လိမ့်မည်ဟု ထရမ့်ပြော

**နယူးယောက် အောက်တိုဘာ ၂၁**

စစ်အေးကာလအတွင်း အမေရိကန်နှင့် ရုရှားတို့ သဘောတူချုပ်ဆိုထားသော စာချုပ်ဖြစ်သည့် နျူကလီးယားလက်နက်စာချုပ်မှ အမေရိကန် နုတ်ထွက်ရန် အစီအစဉ်ရှိသည်ဟု ထရမ့်က စနေနေ့တွင် အတည်ပြုပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ဆယ်စုနှစ်သုံးစုကြာ တည်တံ့ခဲ့သော အဆိုပါစာချုပ်ကို ရုရှားဘက်မှ ချိုးဖောက်ခဲ့ကြောင်း ထရမ့်က ပြောသည်။ INF ဟု အမည်ရသည့် နျူကလီးယားစာချုပ်သည် ၁၉၈၇ ခုနှစ်တွင် သမ္မတရီဂင်နှင့် မီခေးလ်ဂိုဘာချော့တို့ ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်သည်။

အမေရိကန်ဘက်မှ အဆိုပါစာချုပ်ကို လေးစားလိုက်နာခဲ့သော်လည်း ရုရှားဘက်ကမူ ထိုသို့မဟုတ်ကြောင်း သမ္မတထရမ့်က ပြောသည်။ ရုရှားဘက်မှ ချိုးဖောက်မှုများရှိသော်လည်း အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားသည် အဘယ်ကြောင့် နုတ်ထွက်ရန် ကြိုးစားခဲ့ခြင်းမရှိသည်ကို မသိကြောင်း ထရမ့်ကပြောသည်။

လာမည့်သီတင်းပတ်တွင် အမေရိကန်အမျိုးသား လုံခြုံရေးအကြံပေး ဂျွန်ဘော်တန်သည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံပြီး ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ နောက်တစ်ကြိမ် တွေ့ဆုံမည့်အချိန်ကို ဆွေးနွေးသွားဖွယ်ရှိသည်ဟု ထရမ့်ကပြောသည်။

**အေအက်ဖ်ပီ**




ဘရီးဇစ်အတွက် ဒုတိယအကြိမ် မဲပြန်ပေးရန် လန်ဒန်မြို့၌ ချီတက်ဆန္ဒပြနေကြသည့် လူစုလူဝေးကြီးကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

## ဘရီးဇစ်အတွက် ဒုတိယအကြိမ်မဲပြန်ပေးရန် ပြည်သူများ ချီတက်ဆန္ဒပြ

**လန်ဒန် အောက်တိုဘာ ၂၁**

လန်ဒန်မြို့တွင် လူပေါင်း ခုနစ်သိန်းခန့်သည် ဘရီးဇစ်အတွက် ဒုတိယအကြိမ် မဲပြန်ပေးရန်၊ လူထုဆန္ဒခံယူပွဲကျင်းပရန် စနေနေ့က ချီတက်ဆန္ဒပြခဲ့ကြသည်။ ဒုတိယအကြိမ်လူထု ဆန္ဒခံယူပွဲ ပြန်လည်ကျင်းပပေးရေးအတွက် တောင်းဆိုချီတက်ကြသော လူစုလူဝေးကြီးသည် အာဏာပိုင်များနှင့် အဖွဲ့အစည်း စုစည်းသူများအားလုံးကို အံ့အားသင့်သွားစေခဲ့သည်။ လန်ဒန်မြူနီစီပယ်ရဲများသည် ဆန္ဒပြမည့်သူအရေအတွက်ကို တစ်သိန်းနီးပါးခန့်ရှိမည်ဟုသာ အစောပိုင်းက ခန့်မှန်းထားသည်။

လူထုမဲဆန္ဒအတွက် ချီတက်ရန်စုစည်းခဲ့ကြသော စုစည်းသူများသည် ချီတက်ပွဲတွင် ပါဝင်ဆန္ဒပြမည့် အရေအတွက်ကို ခြောက်သိန်းခုနစ်သောင်းခန့်ဟု ခန့်မှန်းခဲ့ကြသည်။ ဗြိတိန်နိုင်ငံ၏ အဓိက နိုင်ငံရေးပါတီကြီးသုံးခုမှ နိုင်ငံရေးခေါင်းဆောင်များသည် လူထုချီတက်ပွဲကို ဦးဆောင်ခဲ့ကြသည်။

လစ်ဘရယ်ဒီမိုကရက်ပါတီခေါင်းဆောင် ဗင့်စ်ကေဗယ်သည် ပါလီမန်ရင်ပြင်၌ မိန့်ခွန်းပြောကြားစဉ် "ကျွန်တော်တို့ သိထားတဲ့တစ်ခုတည်းသောပေါင်းစည်းမှုထက် ပိုမိုကောင်းမွန်တဲ့အရာမရှိ၊ ဒါဟာ ဗြိတိန်အတွက်သာမက ၊ ဥရောပသမဂ္ဂအတွက်ပါ အကောင်းဆုံးသောအရာပါ"ဟု ပြောကြားခဲ့သည်။ လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းကလည်း "လိမ်လည်လှည့်ဖြားမှုတွေနဲ့ ပြည့်နေတဲ့ ရိုးသားမှုမရှိတဲ့ လူထုဆန္ဒခံယူပွဲ မဲဆွယ်လှုပ်ရှားမှုတွေကြောင့် အခုလို ခံစားရတာဖြစ်တယ်။ အခုလူတွေရဲ့သဘောဆန္ဒဟာ ပြောင်းလဲနေပြီဆိုတာ ရှင်းလင်းပါတယ်"ဟု ပြောကြားခဲ့သည်။

"ဘယ်သူတစ်ဦးတစ်ယောက်မျှ ကိုယ့်ကိုယ်ကိုယ်ပိုပြီး ဆင်းရဲအောင် ဥရောပသမဂ္ဂကနေထွက်ဖို့ မဲမပေးကြပါဘူး" ဟု ဆက်ပြောသည်။ "ဥရောပသမဂ္ဂကနေ နုတ်ထွက်ခွင့်အတွက်လည်း ပေးဆောင်ရမယ့် ငွေကြေးပမာဏအမှန်ကိုလည်း သိပြီးပါပြီ၊ အလုပ်သမားတွေ အခွင့်အရေးနဲ့ ပြည်သူ့ဝန်ဆောင်မှုစနစ်တွေ လာထိခိုက်မှာကိုလည်း သိပြီးပါပြီ"ဟု ပြည်သူ့ဆန္ဒမဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ပြည်သူ့မဲဆန္ဒအဖွဲ့သည် ဥရောပသမဂ္ဂအဖွဲ့အတွင်း ဆက်လက်ရှိနေသူများဖြင့် ဖွဲ့စည်းထားသည်။ ချီတက်ဆန္ဒပြမှုများအတွက် ဖမ်းဆီးမှုများမရှိကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံတွင် လူအုပ်ကြီးကို ရထားတိုက်မိရာ ၆၁ ဦးထက်မနည်း သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ဟိန္ဒူပွဲတော်တစ်ခုကို ရထားလမ်းပေါ်မှ ကြည့်ရှုနေသည့်လူအုပ်ကြီးအား ရထားတစ်စင်းက ဝင်တိုက်ခဲ့ရာ လူ ၆၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ရထားတိုက်မှုသည် ပန်ဂျပ်ပြည်နယ် ဆစ်ဘာသာဝင်တို့၏ ဘာသာရေးမြို့တော်ဖြစ်သော အမ်ရစ်ဆာမြို့ရှိ ဂျော်ရာဖာတက်ခ်လမ်းပေါ်တွင် အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားတိုက်မှုတွင် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ ၆၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၇၂ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း အမ်ရစ်ဆာမြို့ရှိ ဒေသခံအစိုးရ တာဝန်ရှိသူ ရာဂျေ့ရှာမန်က ပြောခဲ့သည်။

လူအုပ်ကြီးသည် ဟိန္ဒူပွဲတော်ကို ကြည့်ရှုရန် စုဝေးနေစဉ် ရထားက ဝင်တိုက်ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများနှင့် တာဝန်ရှိသူများက ပြောခဲ့သည်။ ပွဲတော်ကို ကြည့်ရှုရန် လူအုပ်များလာချိန်တွင် လူအုပ်ကြီးမှာ တဖြည်းဖြည်း မီးရထားသံလမ်းဘက်သို့ ရောက်သွားပြီး ပြောက်အိုးများ မီးရှို့လိုက်သည့်အချိန်၊ မီးရှူးမီးပန်းများ ပစ်ဖောက်လိုက်သည့် အချိန်နှင့် ကြုံကြိုက်ခဲ့သောကြောင့် ရထားလာသည်ကို သတိမထားမိဘဲ ထိုကဲ့သို့ ရထားတိုက်မိခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

### ဓားစာခံများကို အိုင်အက်စ်ပြန်လွှတ်ပေး

**ဒမတ်စကတ် အောက်တိုဘာ ၂၁**

ဆီးရီးယားနိုင်ငံတောင်ပိုင်း ဆွိုင်ဒါပြည်နယ်တွင် ဖမ်းဆီးထားသော ဓားစာခံခြောက်ဦးကို အိုင်အက်စ်အကြမ်းဖက်အဖွဲ့က ပြန်လွှတ်ပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သော ဆာနားက အောက်တိုဘာ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

လွတ်မြောက်လာသည့် ဓားစာခံခြောက်ဦးတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးလေးဦးတို့ ပါဝင်ကြောင်း သိရသည်။ ၎င်းတို့ကို ဇူလိုင် ၂၅ ရက် အရှေ့ဘက် တိုက်ခိုက်မှုတစ်ခုအတွင်း အိုင်အက်စ်အကြမ်းဖက်သမားများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က လူပေါင်း ၃၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းသွားခဲ့ခြင်းဖြစ်ရာ သုံးဦးမှာ ပိတ်လှောင်ထားစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဓားစာခံများကို ပထမအသုတ်လွှတ်ပေးခြင်းသည် ဆွိုင်ဒါအရှေ့ပိုင်းရှိ တူလော့အယ်လ်ဆာဖာတောင်ကုန်းများရှိ စစ်သွေးကြွများကို ဆီးရီးယားတပ်ဖွဲ့က တင်းကျပ်စွာ ဝန်းရံပိတ်ဆို့ထားခြင်း၏ ကောင်းမွန်သည့် ရလဒ်တစ်ခုကြောင့်ဖြစ်ကြောင်း ဆွိုင်ဒါပြည်နယ်အုပ်ချုပ်ရေးမှူး အမ်မာ အယ်လ် အာရှီက ပြောခဲ့သည်။

အခြား ဓားစာခံများလည်း မကြာမီ လွတ်မြောက်တော့မည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အာရှ-ဥရောပ ရွှေရောင်လွှမ်းမယ့် ကုန်သွယ်မှု ခရီးလမ်း

**ထွန်းသစ်စ**



- ဥရောပနဲ့ စင်ကာပူနိုင်ငံတို့လည်း လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဗီယက်နမ်လည်း ဥရောပနဲ့ ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရပါတယ်။ ကုန်သွယ်ရေး သဘောတူညီချက်တွေအရ ကုန်သွယ်မှုတွေမှာ အကောက်ခွန်တွေ အားလုံးနီးပါး ကင်းလွတ်မယ့်သဘောကို တွေ့ရပါတယ်။
- အောက်တိုဘာ ၁၈ ရက်နဲ့ ၁၉ ရက် နှစ်ရက်တာ ပြုလုပ်ခဲ့တဲ့ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးမှာ ဥရောပနဲ့အာရှခေါင်းဆောင်တွေဟာ ပထမဆုံးအကြိမ်အဖြစ် ကုန်သွယ်ရေးတိုးတက်စေမယ့်၊ အာရှနဲ့ ဆက်သွယ်နိုင်မယ့် နည်းဗျူဟာအသစ်တွေကို ရှာဖွေခဲ့ကြပါတယ်။

အောက်တိုဘာ ၁၈ ရက်နဲ့ ၁၉ ရက်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပါတယ်။

### ခေါင်းဆောင်တွေတက်ရောက်

အဲဒီဆွေးနွေးပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တွန်းလှန်ဖို့ အီးယူနဲ့ အာရှခေါင်းဆောင်တွေ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီထိပ်သီးဆွေးနွေးပွဲကို အီးယူ ၂၈ နိုင်ငံကခေါင်းဆောင်တွေနဲ့ အာရှခေါင်းဆောင် ၂၀ ကျော်တို့လည်း တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

တက်ရောက်ခဲ့တဲ့ ခေါင်းဆောင်တွေထဲမှာ တရုတ်ဝန်ကြီးချုပ် လီခချန်၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး၊ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း၊ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့လည်း ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

### ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားချိန်မှာ ကျင်းပခြင်းဖြစ်

အမေရိကန်က ပြည်ပနိုင်ငံတွေက တင်သွင်းတဲ့ ကုန်ပစ္စည်းတွေအပေါ် ကုန်သွယ်စည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံမှုကြောင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေချိန်မှာ အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ ကျင်းပခဲ့တဲ့ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲမှာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ရာသီဥတုဖောက်ပြန်မှုနဲ့ လုံခြုံရေး ကိစ္စရပ်တွေ ဆွေးနွေးခဲ့ကြပြီး အပြန်အလှန်သဘောတူညီချက်တွေလည်း လက်မှတ်ရေးထိုးခဲ့တယ်လို့ သိရပါတယ်။

### ပထမဆုံးအကြိမ်ဖြစ်

ဥရောပနဲ့ စင်ကာပူနိုင်ငံတို့လည်း လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဗီယက်နမ်လည်း ဥရောပနဲ့ ကုန်သွယ်ရေးသဘော တူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရပါတယ်။ ကုန်သွယ်ရေးသဘောတူညီချက်တွေအရ ကုန်သွယ်မှုတွေမှာ အကောက်ခွန်တွေ အားလုံးနီးပါး ကင်းလွတ်မယ့် သဘောကို တွေ့ရပါတယ်။

အခုလို ကုန်သွယ်ရေးသဘောတူညီချက်တွေ ပြုလုပ်ခဲ့တာဟာ ဥရောပနဲ့ အာရှကြား ပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ ဥရောပနဲ့ အာရှကြား အရင်ကထက်ပိုပြီး နီးနီးကပ်ကပ်လုပ်ဆောင်မှုတွေလည်း ရှိလာမယ်လို့ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က ပြောပါတယ်။

### တိုက်နှစ်တိုက်ပေါင်း ကမ္ဘာ့စီးပွားရေးရဲ့ သုံးပုံနှစ်ပုံလောက်ရှိ

အာရှနဲ့ဥရောပ နှစ်ဖွဲ့ပေါင်းလူဦးရေဟာ ကမ္ဘာ့လူဦးရေရဲ့ ခြောက်ဆယ်ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးရဲ့ ၅၅ ရာခိုင်နှုန်းကို အဓိကလည်ပတ်နေတာဖြစ်ပါတယ်။ အာရှနဲ့ ဥရောပနှစ်ဖွဲ့ပေါင်း စီးပွားရေးအင်အားဟာ ကမ္ဘာ့စီးပွားရေးရဲ့ သုံးပုံနှစ်ပုံလောက် ရှိတယ်လို့လည်း သိရပါတယ်။ အခုလို ကမ္ဘာကြီးအနေနဲ့ မရေရာမှုတွေ ဖြစ်လာတဲ့အချိန်မျိုးမှာ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို အပြန်အလှန် တိုးမြှင့်လုပ်ဆောင်သွားဖို့လည်း လိုအပ်လှပါတယ်။

### နိုင်ငံပေါင်းစုံကုန်သွယ်ရေးစနစ်ကို ကျားကန်ပေးမယ်

နှစ်ရက်ကြာကျင်းပခဲ့တဲ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ခေါင်းဆောင်တွေဟာ ရာသီဥတုဖောက်ပြန်မှုကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စနဲ့ လုံခြုံရေးကိစ္စတွေအပါအဝင် ပွင့်လင်းလွတ်လပ်တဲ့ ကမ္ဘာ့စီးပွားရေးကို ကောင်းမွန်အောင် ဆက်လက်ထိန်းသိမ်းပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ရပ်တည်ချက်တွေအတိုင်း စည်းမျဉ်းစည်းကမ်းကို အခြေခံတဲ့ နိုင်ငံပေါင်းစုံ ကုန်သွယ်ရေးစနစ်ကို ကျားကန်ပေးရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ ဥရောပနဲ့ အာရှတို့ဟာ သဘာဝအရ တူညီတဲ့ လက်တွဲဖော် အဖွဲ့အစည်းများဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ မိမိနိုင်ငံအကျိုးစီးပွားကို ကာကွယ်တဲ့ခံယူချက်ဟာ နိုင်ငံပေါင်းစုံ အဖွဲ့အစည်းတွေအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်သဘောထားတဲ့နေရာမှာ အာရှနဲ့ အီးယူအဖွဲ့ဟာ အတူတူပင်ဖြစ်ပါကြောင်း လီရှန်လွန်းက ထပ်လောင်းပြောကြားခဲ့ပါတယ်။

စည်းမျဉ်းစည်းကမ်းမရှိတဲ့ ကမ္ဘာကြီးဆိုတာ ပရမ်းပတာဖြစ်နေတဲ့ ကမ္ဘာကြီးပင်ဖြစ်ကြောင်း အီးယူကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က ပြောကြားခဲ့ပါတယ်။ အားလုံးဟာ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ဆောင်သင့်ကြောင်းလည်း သူကပြောပါတယ်။

အဲဒီနေ့ဆွေးနွေးပွဲမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေနဲ့ နျူကလီးယားလုံးဝကင်းစင်ရေးအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ပြီးတော့ အကောင်အထည်ဖော်လုပ်ဆောင်သွားနိုင်ရေး ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက တိုက်တွန်းဖို့လိုကြောင်း ပြောကြားလိုက်တဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနဲ့ ဥရောပခေါင်းဆောင်တွေလည်း တွေ့ဆုံခဲ့ပါတယ်။

ဥရောပဟာ အီရန်နျူကလီးယားသဘောတူညီမှုကိုလည်း ထောက်ကန်ပေးဖို့ ကြိုးစားနေပါတယ်။ ယခုနှစ်အစောပိုင်းက အမေရိကန်ဟာ အီရန်နျူကလီးယားသဘောတူညီချက်က ထွက်ခွာသွားတဲ့အတွက် အီရန်နျူကလီးယားသဘောတူညီချက်ဟာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ ဥရောပ မဟာမိတ်တွေက မေတ္တာရပ်ခံနေတဲ့ကြားက အီရန်နျူကလီးယားသဘောတူညီချက်က ထွက်ခွာသွားတဲ့ အမေရိကန်ဟာ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။

### မြင့်တက်အောင်လုပ်ဆောင်

ဘရပ်ဆဲလ်ဟာ သူ့ရဲ့ အခန်းကဏ္ဍကို နိုင်ငံတကာ သံခင်းတမန်ခင်းမှာ မြင့်တက်အောင်လုပ်ဆောင်နေသလို စီးပွားရေးနဲ့လိုက်လျောညီထွေတဲ့ နိုင်ငံခြားရေးမူဝါဒကို ပိုမိုတောင့်တင်းအောင်လုပ်ဆောင်နေတယ်ဆိုတာ အခုကျင်းပတဲ့ အစည်းအဝေးက သက်သေခံနေပါတယ်။

ယခုလတ်တလောမှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးဟာ ဘက်ပေါင်းစုံပါဝင်တဲ့ စနစ်တစ်ခုကို အကောင်အထည်ဖော်နိုင်ရေး အဓိကထား ဆွေးနွေးတဲ့ ဆွေးနွေးပွဲဖြစ်တဲ့အတွက် ဘယ်သူ့ကိုမှ တိုက်ခိုက်ရန် မဟုတ်ကြောင်း အီးယူသံတမန်အကြီးအကဲ ဖယ်ဒယ်ရီကာ မိုဂါရီနီက အလေးအနက်ထား တိုက်တွန်းပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

အောက်တိုဘာ ၁၈ရက်နဲ့ ၁၉ ရက်နှစ်ရက်တာပြုလုပ်ခဲ့တဲ့ အာရှ-ဥရောပထိပ်သီးအစည်းအဝေးမှာ ဥရောပနဲ့အာရှခေါင်းဆောင်တွေဟာ ပထမဆုံးအကြိမ်အဖြစ် ကုန်သွယ်ရေးတိုးတက်စေမယ့်၊ အာရှနဲ့ ဆက်သွယ်နိုင်မယ့် နည်းဗျူဟာအသစ်တွေကို ရှာဖွေခဲ့ကြပါတယ်။ ထို့အပြင် ပတ်ဝန်းကျင်တိုးတက်ရေးနဲ့ အလုပ်သမားတွေအဆင့်အတန်းမြင့်မားရေးစတာတွေလည်း ဆွေးနွေးခဲ့ကြသလို ဒစ်ဂျစ်တယ်နဲ့ စွမ်းအင်ကဏ္ဍချိတ်ဆက်မှုတွေလည်း အဖြေရှာခဲ့ကြတယ်လို့ သိရပါတယ်။

### ခြေလှမ်းသစ်တွေ ချိတ်ဆက်

ဘယ်လိုပဲဖြစ်ဖြစ် အခုကျင်းပခဲ့တဲ့ အစည်းအဝေးဟာ ဥရောပတိုက်နဲ့ အာရှတိုက်ကို ပေါင်းကူးပေးခဲ့ပြီးတော့ နိုင်ငံပေါင်းစုံပါဝင်တဲ့ ကောင်းမွန်တဲ့ ကုန်သွယ်ရေးကဏ္ဍဖြစ်ပေါ်လာရေး ခြေလှမ်းသစ်တွေကို ချိတ်ဆက်ပေးခဲ့တယ်လို့ ပဲဆိုရမှာဖြစ်ပါတယ်။ အခုလို ဥရောပနဲ့ အာရှ ရွှေရောင်လွှမ်းမယ့် ကုန်သွယ်မှု ခရီးလမ်းဖောက်လိုက်တာဖြင့် နောင်လာမယ့်အနာဂတ်မှာ ကုန်သွယ်မှုအကောက်ခွန်တွေ ကင်းလွတ်လာနိုင်တဲ့ အလားအလာတွေရှိလာနိုင်တယ်လို့ သုံးသပ်လိုက်ရပါတယ်။

နောက်တစ်ကြိမ်ကျင်းပမယ့် (၁၃) ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ မြို့တော် ဖနောင်ပင်မှာ ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပမယ်လို့ဆိုပါတယ်။ နောက်တစ်ကြိမ်ဆွေးနွေးပွဲမတိုင်မီ ယခုတစ်ကြိမ်ဆွေးနွေးပွဲရဲ့ရလဒ် တွေကြောင့် တိုက်နှစ်တိုက်ကြား ကူးလူးဆက်သွယ်မှု ဘယ်လောက်တောင်တိုးတက်နေမလဲဆိုတာ မျှော်မှန်းကြည့်ရင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ကျွန်တော်နဲ့ အတွေးအမြင်



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်အခွင့်အရေးရတိုင်း ဟောပြောပွဲတွေ လုပ်ပေးဖြစ်တယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ထိတွေ့ခွင့်ရတာကို ကြိုဆိုမိတယ်။ ကျွန်တော့်အဖို့ကတော့ မျိုးဆက်သစ်တွေနဲ့ ထိတွေ့ရတာ အမြတ်ပါ။ ဟောပြောပွဲတွေမှာ အများစုက လူလတ်နဲ့ လူငယ်တွေ များတယ်။ လူကြီးတွေက မရှိသလောက်ပဲ။ ဒါကိုလည်း နားလည်ပါတယ်။ အချိန်မပေးနိုင်တာ၊ အလုပ်များနေတာ၊ သိပြီးသားတွေမို့ သိစရာမလိုတော့ဘူးလို့ ဖြစ်နိုင်ပါတယ်။ ကျေးဇူးတင်ချင်တာက တက်လာတဲ့သူတွေဟာ မိမိရဲ့ အချိန်ကို ဖဲ့ပြီး အခုလိုလာကြတာ ဖြစ်တယ်။

ကျွန်တော်ဟာ ဟောပြောပွဲတွေမှာ အတွေးအမြင်၊ အယူအသစ်တွေကို တင်ပြပေးတယ်။ အကျိုးရှိစေမယ့်၊ စဉ်းစားသင့်မယ့် အရာတွေကို ရွေးချယ်ပြီး ဖော်ပြနိုင်အောင် ကြိုးစားတယ်။ အခုလိုပြောရတော့မယ်။ တင်ပြရတော့မယ်ဆိုရင် ကြိုးစားပြီး လေ့လာရတယ်။ စာဖတ်ရတယ်။ ဖတ်သမျှ၊ လေ့လာသမျှတွေကို ပြင်ဆင်ရတယ်။ ဒီလိုလုပ်တဲ့အတွက် မိမိရဲ့အသိတွေ တိုးလာတာဖြစ်တယ်။

## ပညာတတ်ဖို့လို

အသိတရားဆိုတာကို လေ့လာဆည်းပူးမှုတွေကရတာ။ ဒါကြောင့်လည်း လူငယ်တွေကို အမြဲတိုက်တွန်းမိတယ်။ ပညာတတ်ဖို့ လိုအပ်သလို ပညာရှိဖို့လည်း အရေးကြီးတာ။ အခုခေတ်မှာ သင်တန်းမျိုးစုံတွေရှိတော့ လေ့လာစရာအခွင့်အရေးတွေက များတယ်။ ကိုယ့်အခြေအနေနဲ့ ကိုက်ညီမယ့်သင်တန်းတွေကို တက်စေချင်တယ်။ တချို့က ဈေးကြီးလို့ မတက်နိုင်တာကို နားလည်တယ်။ ဒါပေမယ့် ကြိုးစားပြီး အားထည့်စေချင်တယ်။ ပညာရှာမှုကို ကုန်ကျစရိတ်လို့မမြင်ဘဲ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လို့ မြင်စေချင်တယ်။

အခုခေတ်မှာ လူငယ်တွေဟာ လူမှုကွန်ရက်နဲ့ နီးစပ်တယ်။ နှစ်သက်တယ်။ ကြိုက်တယ်။ တစ်ဖက်ကလည်း ရေရှည်မှာ ကိုယ့်အတွက် အကျိုးရှိမယ့်အရာတွေကို ရအောင်ကြိုးစားစေချင်တယ်။ အထူးသဖြင့် အင်တာနက်ဟာ အတွေးအမြင်အယူအဆ တိုးစေနိုင်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ လက်နက်ဖြစ်တယ်။ တကယ့်ရတနာသိုက်ကြီးဖြစ်တယ်။ အင်တာနက်က တစ်ဆင့် ကိုယ်သိလိုတဲ့၊ သိသင့်တဲ့၊ သိချင်တဲ့ အရာကို အတားအဆီးမရှိ လေ့လာနိုင်တယ်။ နောက်ဆုံးထွက်တဲ့ ရုပ်ရှင်တွေ ကြည့်နိုင်သလို နောက်ဆုံးထုတ်ဝေတဲ့ စာအုပ်တွေလည်း ဖတ်ရှုနိုင်မှာဖြစ်တယ်။ အားလုံးဟာ ကိုယ့်ရဲ့ရွေးချယ်မှုပဲ။

အတွေးအမြင်နဲ့ ပတ်သက်လာရင် အရေးကြီးဆုံးကိစ္စက မိမိရဲ့စိတ်ကို ဖွင့်ထားဖို့ဖြစ်တယ်။ ငါမသိဘူး၊ ငါမတတ်ဘူး။ သိစရာ၊ တတ်စရာတွေရှိတယ်။ မကုန်နိုင်ဘူးဆိုတဲ့စိတ်ကို ရင်ထဲမှာ အမြဲမွေးရမယ်။ မသိခြင်း၊ မတတ်ခြင်းဟာ အပြစ်မဟုတ်ဘူး။ သိခြင်း၊ တတ်ခြင်းနဲ့ ပတ်သက်လာရင် အဆင့်လေးဆင့်ရှိတယ်။ ပထမဦးဆုံးက မတတ်တာကို မသိတဲ့အဆင့်ဖြစ်တယ်။ ဒီအဆင့်မှာ ကိုယ့်ရဲ့အခြေအနေကို တိတိကျကျ မသိခြင်းပါ။ ဒါကြောင့် တိုးတက်မှုလုံးဝမရှိတဲ့ အနေအထားဖြစ်တယ်။ ဒုတိယအဆင့်က မတတ်တာကို သိခြင်းဖြစ်တယ်။ ဒီအဆင့်ဟာ အလွန်အရေးကြီးပါတယ်။ ဒီအဆင့်ရောက်ရင် မိမိအခြေအနေကို မှန်မှန်ကန်ကန် သိနေတာမို့ တိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ တတိယအဆင့်ကတော့ တတ်တာကို သိနေတာဖြစ်တယ်။ ပညာရှိသူတွေဟာ ဒီအဆင့်မှာ ရှိနေကြတယ်။ ဒါပေမယ့် နောက်ဆုံးအဆင့်ဖြစ်တဲ့ တတ်တာကိုတောင် မသိတော့တဲ့အခြေအနေ ဒီအဆင့်ဟာ အမြင့်မားဆုံးအခြေအနေဖြစ်တယ်။ တစ်ဖက်ကမ်းခတ်အောင် ထူးချွန်တဲ့သူတွေဟာ ကိုယ်တတ်တာတောင် မသိတဲ့ အနေအထားမျိုး။

ကျွန်တော်ဟာ လူငယ်တွေနဲ့ထိတွေ့တိုင်း သူတို့ရဲ့အတွေးတွေ၊ အမြင်တွေ ပြောင်းလဲအောင် အားပေးတယ်။ အရိုးစွဲနေတဲ့ အတွေးတွေကို ပြင်စေချင်တာ။ အဟောင်းတွေအားလုံး ပယ်ရမယ်လို့ မဆိုလိုပေမယ့် မျက်မှောက်ခေတ်အခြေအနေနဲ့ မကိုက်ညီတာကိုတော့ ရဲရဲဝံ့ဝံ့ ပြင်နိုင်ဖို့ လိုအပ်မှာ။ ကျွန်တော်တို့ယဉ်ကျေးမှုမှာ ကြီးတဲ့သူပြောသမျှကို နားထောင်လက်ခံတယ်။ ပြန်ပြီး စောဒက မတက်ရဲကြဘူး။ အမှန်တော့ ပြောသင့်ပြောထိုက် တင်ပြဖို့လိုတာကို တင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ လူကြီးလုပ်တဲ့လူတွေကလည်း အမှန်တရားကို ကြားနိုင်တဲ့ သတ္တိရှိရမှာ။ ကောင်းတဲ့သတင်းကိုပဲ မျှော်လို့မဖြစ်ဘူး။ အမှန်တရားကို လက်ခံရဲဖို့ လိုအပ်တယ်။ ဒါကြောင့် ငယ်ငယ်တုန်းက ကျွန်တော်ဖတ်ဖူးတာကို သိပ်နှစ်သက်ပါတယ်။ ဘုရင်လုပ်တဲ့သူဟာ အခြေအနေမှန်ကို သိအောင် ရုပ်ဖျက်ပြီး တိုင်းခန်းလှည့်တာကို အမှတ်ရမိတယ်။ ဘုရင်မှန်းမသိတော့ ထိတွေ့တဲ့သူက အရှိကိုအရှိအတိုင်း တင်ပြနိုင်မှာ။ ဘုရင်ကြီးလှည့်တယ်ဆိုတာသိရင်တော့ “သနပ်ခါးလိမ်း” ထားတာတွေကိုပဲ မြင်မှာ။ ဒါကြောင့် လူငယ်တွေကို အမြဲသတိပေးခဲ့ပါတယ်။ တင်ပြတဲ့နေရာမှာ သက်သေအထောက်အထား မှန်ကန်အောင် ကြိုးစားပါ။ တင်ပြတဲ့နေရာမှာလည်း အချက်အလက်နဲ့ ပြည့်ပြည့်စုံစုံ တင်ပြဖို့ လိုပါတယ်။

## လွှမ်းခြုံကြည့်တတ်တဲ့ အမြင်

အတွေးအမြင်နဲ့ ပတ်သက်လာရင် ကွက်ကြည့်တဲ့သဘောကို လွှမ်းခြုံပြီး ကြည့်နိုင်တဲ့ အရည်အချင်းနဲ့ အစားထိုးဖို့ လိုအပ်တယ်။ လူတိုင်းဟာ အမြင်ကျဉ်းမြောင်းကြတယ်။ ကိုယ့်အကျိုးကိုပဲ ကြည့်တတ်ကြတယ်။ အများအကျိုးအတွက် မြင်တတ်ဖို့လိုတယ်။ တလောက တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံသားတွေကို မြန်မာပြည်က ဗီဇာကင်းလွတ်ခွင့်ပေးခဲ့တယ်။ ဒီသတင်းကြားရတော့ သိပ်ဝမ်းသာခဲ့တယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ မြန်မာပြည်အတွက် အလွန်ကောင်းတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တယ်။ အနောက်နိုင်ငံက ကမ္ဘာလှည့်ခရီးသည်တွေ အလာနည်းနေချိန်မှာ အခုလို ခွင့်ပြုလိုက်တာဟာ အလွန်ကောင်းတဲ့ကိစ္စပါ။ တစ်ဖက်က အခုလို ကြိုဆိုနေသလို တချို့က ဗီဇာကင်းလွတ်ခွင့်ပေးလိုက်ရင် ဗီဇာခဝင်ငွေတွေ မရမှာ စိုးရိမ်ကြတယ်။ ဗီဇာခဝင်ငွေတွေဟာ မြန်မာသံရုံးတွေအတွက် အရေးကြီးတဲ့ ဇာစ်မြစ်တစ်ရပ်ဖြစ်တယ်။ အမှန်တော့ ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာပြည်ထဲ ပိုပြီးဝင်လာရင် ရနိုင်တဲ့ ဝင်ငွေပမာဏဟာ ဗီဇာကြေးထက် အဆမတန်များမှာကို သတိပြုရမှာဖြစ်တယ်။ လွှမ်းခြုံကြည့်တတ်တဲ့ အမြင်ဟာ (Systems thinking) စနစ် အတွေးအခေါ်ဖြစ်ပါတယ်။ အလွယ်ဆုံးဥပမာနဲ့ပေးရရင် မျက်ကန်းခြောက်ဦးနဲ့ ဆင်တစ်ကောင်လိုဖြစ်နေတာ။ မျက်စိမမြင်တာမို့ ကိုယ်ထိပြီး စမ်းလိုက်တဲ့ ဆင်ကိုယ်ရဲ့ အစိတ်အပိုင်းကို ဆင်အဖြစ် စဉ်းစားသတ်မှတ်တာမျိုး။

လူငယ်တွေဟာ သိချင်၊ တတ်ချင်၊ စပ်စုချင်တဲ့စိတ် ရှိကြတယ်။ ဒီအတွေးကို အမြဲလက်ဆုပ်ထားဖို့ လိုအပ်တယ်။ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို အမြဲမေးနိုင်ရမယ်။ (Why?) ဆိုတဲ့ မေးခွန်းကို အမြဲမေးနေဖို့လိုတယ်။ အထူးသဖြင့် (Why not?) ဘာကြောင့် မဖြစ်ရသလဲဆိုတာကို ဂရုစိုက်ရမယ်။ အခုခေတ်မှာ ပြောင်းလဲမှုကို ကြိုဆိုနေကြတယ်။ စနစ်တွေပြောင်းလိုတယ်။ လူတွေပြောင်းကြတယ်။ တကယ်လိုအပ်တာ စိတ်ဓာတ် အတွေးအခေါ် ပြောင်းရမှာ။ ဂျာနယ်တွေမှာပါဝင်တဲ့ သတင်းတွေဖတ်ရရင် စိတ်ဓာတ်တွေဟာ အလွန်စိုးရိမ်စရာကောင်းတဲ့ အနေအထား ရောက်နေတယ်လို့ မြင်မိတယ်။

## စည်းကမ်းတွေကို လိုက်နာစေချင်

အထူးသဖြင့် စည်းမဲ့ကမ်းမဲ့အကျင့်တွေ ဂရုကိုမစိုက်ကြတော့ဘူး။ ရန်ကုန်မြို့ လမ်းမတွေနဲ့ အချို့နေရာတွေမှာ အနီအဖြူ ဆေးသုတ်ထားတယ်။ အဓိပ္ပာယ်က ဒီနေရာမှာ ယာဉ်မရပ်ရဘူးဆိုတဲ့သဘော။ ဒါပေမယ့် ဆေးသုတ်တဲ့စရိတ် ကုန်ကျတာပဲရှိတယ်။ အငှားယာဉ်တွေတိုင်း ရပ်နားခွင့်ပေးသလိုဖြစ်နေတာ။ ဒီအပြုအမူတွေကိုလည်း ဘယ်သူမှ ဟန့်ထားတာ မတွေ့ရဘူး။ ရဲတွေရှိရင်တောင် ဂရုမစိုက်ကြဘူး။ အမှိုက်တွေပစ်တာလည်း ဒီလိုပါပဲ။ အမှိုက်ပုံးတွေ ဘယ်လောက်ထားထား အမှိုက်ပုံးမှာ မထည့်ဘဲ အဆင်ပြေသလို လုပ်ကြတယ်။ ရန်ကုန်လမ်းမကြီးတွေမှာ အန္တရာယ်ရှိမှာစိုးရိမ်တဲ့အတွက် လူကူးခုံးကျော်တံတားတွေကို ကုန်ကျစရိတ်အကုန်အကျခံပြီး ဆောက်ပေးခဲ့တယ်။ ဒါပေမယ့် ကိုယ့်အတွက် အဆင်ပြေအောင် လမ်းကိုကြိုက်သလို ဖြတ်ကြတယ်။ တံတားကို အသုံးနည်းတယ်။ လူကူးခုံးကျော်တံတားကို သုံးဖို့ နှစ်မိနစ်လောက်လျှောက်ဖို့ မစဉ်းစားကြဘူး။ ကျွန်တော်က လူငယ်တွေကို အားကိုးတယ်။ စည်းကမ်းတွေကို လိုက်နာစေချင်တယ်။ အများလုပ်တာကို အတုမခိုးဘဲ မှန်တာကိုပဲ လုပ်ရဲစေချင်တယ်။ လူငယ်တွေဟာ အမှန်တရားကို မြတ်နိုးတယ်၊ ချစ်တယ်လို့ ကျွန်တော်မြင်တယ်။ အများမိုးခါးရေသောက် မဖြစ်သင့်ပါဘူး။

အခုချိန်မှာ လူတွေဟာ သိပ်အလုပ်များနေကြတယ်။ အားတဲ့လူ မရှိသလောက်ပဲ။ ပုံစံအမျိုးမျိုးနဲ့ အလုပ်တွေရှုပ်နေကြတယ်။ အားတဲ့၊ နားတဲ့အချိန် မရှိကြဘူး။ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းတွေကို အချိန်မပေးနိုင်ဘဲ ပင်ပန်းနေကြတယ်။ ဒါပေမယ့် အခုလို အလုပ်များတဲ့အတွက် အဖြေရှိရဲ့လား။ ရလဒ်တွေရရဲ့လား။ ဒီမေးခွန်းကိုမေးဖို့ လိုမယ်ထင်တယ်။ အရေးကြီးတာက ကိုယ်လိုချင်တဲ့ အဖြေရဖို့ အစည်းအဝေးတွေ လုပ်ကြတယ်။ အစည်းအဝေးပြီးရင် ဘာဖြစ်သလဲ၊ ဘာတွေထူးသွားသလဲ။ လုပ်ရုံသက်သက် စဉ်းစားလို့ အဆင်မပြေဘူးထင်တယ်။ အခုလိုပြောရင် တချို့က ကြိုက်မှာမဟုတ်ဘူး။ ကိုယ်လုပ်တာကို အထင်ကြီးကြတယ်။ ကိုယ်မရှိရင် မဖြစ်ဘူးလို့ မြင်တယ်။ ဒီကိစ္စကိုတော့ မညှာမတာ သုံးသပ်သင့်တယ်။

ကျွန်တော်မြင်တာက လူမှာစဉ်းစားချိန်ရှိရမယ်၊ ပေးရမယ်၊ သုံးသပ်ရမယ်၊ ဆင်ခြင်ရမယ်။ ဒါမှ ကိုယ်လုပ်နေတာတွေဟာ အကျိုးရှိရဲ့လား၊ အဓိပ္ပာယ်ရှိရဲ့လားဆိုတာကို သိနိုင်မှာ။ အခုတော့ စဉ်းစားချိန်မရှိတော့ဘဲ အလုပ်တွေကိုသာ တွန်းလုပ်နေကြတာ တွေ့ရတယ်။ ဒါကြောင့် အကျိုးရှိတာတွေလုပ်နေတာ ဟုတ် မဟုတ် သုံးသပ်နိုင်မှာ။

လူငယ်တွေကို တန်ဖိုးရှိစေချင်တယ်။ သိက္ခာရှိစေချင်တယ်။ အသက်ရှင်တာဟာ အဓိပ္ပာယ်ရှိရမယ်။ ပြည့်စုံရမယ်။ သူများအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာကို အမြဲစဉ်းစားရမယ်။ ကြိုးစားရမယ်။ အချိန်ကိုမဖြုန်းဘဲ အသုံးချစေချင်တာ။ ဒီနေရာမှာ ကျွန်တော်က ပညာကိုတန်ဖိုးထားတယ်။ ပညာရှိအောင် ကြိုးစားစေချင်တယ်။ ပညာနဲ့ အရာရာကို အဖြေရှာစေချင်တယ်။ ပညာမဲ့သူတွေရဲ့အကျင့်စရိုက်ကို မလိုက်စေချင်ဘူး။ လူမှုရေးကွန်ရက်တန်ခိုးကြောင့် မုန်းတီးမှုတွေ၊ ဒေါသတွေ ပွားနေကြတယ်။ အမှန်တော့ လူမှုရေးကွန်ရက်ဟာ တူနဲ့တူတယ်။ တစ်ပါးသူကို တူနဲ့တိုက်ခိုက်နိုင်သလို အကျိုးရှိစွာ သံရိုက်နိုင်တယ်။

## လူငယ်နှင့် အနာဂတ်

ထင်ပေါ်ချင်တဲ့စိတ်တွေ သိပ်လွှမ်းနေတယ်လို့ ခံစားမိတယ်။ သူများအထင်ကြီးအောင် လုပ်နေကြတယ်။ အမှန်တော့ ကိုယ့်ကိုယ်ကိုယ် လေးစားနိုင်ဖို့၊ အထင်ကြီးဖို့ လိုအပ်တယ်။ အားလုံးဟာ စည်းကမ်းပါပဲ။ စည်းကမ်းလို့ဆိုတဲ့နေရာမှာ သူများသတ်မှတ်ထားတဲ့စည်းကမ်းထက် ကိုယ်ပိုင်စည်းကမ်းက ပိုထက်မြက်တယ်။

ကျွန်တော်က မြန်မာလူငယ်တွေရဲ့အနာဂတ်ကို လှပစေချင်တယ်။ လူငယ်တွေမှာ မျှော်လင့်ချက် အိပ်မက်ကိုယ်စီရှိရမယ်။ တစ်ဦးချင်းရဲ့ ဆန္ဒတွေစုစည်းလိုက်ရင် နိုင်ငံအတွက် လှပတဲ့ အနာဂတ်ကို ဖန်တီးနိုင်မှာ။ လူငယ်တွေကို တိုင်းပြည်အပေါ် သစ္စာရှိစေချင်တယ်။ သစ္စာရှိတယ်လို့ ပြောတာက အမျိုးဂုဏ်ကို ထိန်းသိမ်းကာကွယ်ရမယ်။ သူများနဲ့ယှဉ်ရင် မြန်မာလူငယ်တွေ ပိုမိုထက်မြက်စေချင်တယ်။ တော်စေချင်တယ်။

ကျွန်တော်က လူငယ်တွေကို ထူးချွန်စေချင်တယ်။ ကောင်းတာကို မကျေနပ်ဘဲ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းစေချင်ပါတယ်။ မတင်းတိမ်စေချင်ဘူး၊ မရောင့်ရဲစေချင်ဘူး။ အကောင်းဖြစ်ရမယ်၊ အတော်ဆုံးဖြစ်ရမယ်။ မလျှော့စေချင်ဘူး။ ကျွန်တော်တို့လူမျိုး မညံ့ပါဘူး။ အခြေအနေမပေးခဲ့လို့ပါ။ ဒါကြောင့် လူငယ်တွေ တိုးတက်အောင်၊ တော်အောင်၊ တတ်အောင် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ဖို့ တာဝန်ရှိတယ်။ လုပ်ပေးရမယ်၊ ကူညီရမယ်၊ ပံ့ပိုးရမယ်၊ တာဝန်ရှိတယ်။ ဒီတာဝန်ကို ကျေပွန်ရမယ်။ ယူရမယ်၊ ခံရမယ်။ လူငယ်တွေနဲ့ ပတ်သက်လာရင် လူကြီးတွေမှာ တာဝန်ရှိတယ်။ တာဝန်မကျေပွန်ခဲ့ဘူးလို့ မြင်မိတယ်။ တတ်နိုင်သလောက် လုပ်ပေးဖို့ ဆန္ဒရှိတယ်။ ။

> “ကျွန်တော်က မြန်မာလူငယ်တွေရဲ့ အနာဂတ်ကို လှပစေချင်တယ်။ လူငယ်တွေမှာ မျှော်လင့်ချက် အိပ်မက်ကိုယ်စီရှိရမယ်။ တစ်ဦးချင်းရဲ့ ဆန္ဒတွေစုစည်းလိုက်ရင် နိုင်ငံအတွက် လှပတဲ့အနာဂတ်ကို ဖန်တီးနိုင်မှာ။ လူငယ်တွေကို တိုင်းပြည်အပေါ် သစ္စာရှိစေချင်တယ်။ သစ္စာရှိတယ်လို့ ပြောတာက အမျိုးဂုဏ်ကို ထိန်းသိမ်းကာကွယ်ရမယ်။ သူများနဲ့ယှဉ်ရင် မြန်မာလူငယ်တွေ ပိုမိုထက်မြက်စေချင်တယ်။ တော်စေချင်တယ်”

# ပုဏ္ဏားကျွန်းမြို့နယ်၌ စပါးနှံဖျက်ပိုးကာကွယ်ရေး ပိုးသတ်ဆေးများ ထောက်ပံ့

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီအတွင်း ရာသီဥတုဖောက်ပြန်မှုများကြောင့် လောင်မီးပိုးနှင့် စပါးနှံဖျက်ပိုး အနည်းငယ်ကျရောက်မှု တွေ့ရှိခဲ့ရပြီး ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပိုးမွှားကျရောက်ဖျက်ဆီးမှုလက္ခဏာများ၊ ပိုးမွှားများ၏ ရာသီစက်ဝန်းလည်ပတ်မှုနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းရမည့် နည်းစနစ်များ ရှင်းလင်းခြင်းနှင့် လက်တွေ့ဆေးဖျန်းသရုပ်ပြခြင်းတို့ကို အောက်တိုဘာ ၁၆ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်း ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ အကောင်အထည်ဖော်နေသော အောက်မြက်လှဲကျေးရွာနှင့် ပက်ခွက်ဆိပ်ကျေးရွာ၊ အောင်ဖြူပြင်ကျေးရွာ၊ ပဲဗီနန်းကျေးရွာများရှိ မိုးစပါးစိုက်ခင်းများတွင် စပါးနှံဖျက်ပိုးကျရောက်မှု ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝိုင်းနိုင်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးတင်အောင်၊ မြို့နယ်ဦးစီးမှူး ဦးသန်းစိုးတို့က ကြိုတင် ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပြောကြားပြီး ခရိုင်ဦးစီးမှူးက Chlopyriphos ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံယူခဲ့ကြကြောင်း သိရသည်။

**သိန်း**

**တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ နေပြည်တော်မှ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုများ လျှော့နည်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေးဟောပြောခြင်းကို အောက်တိုဘာ ၁၈ ရက်က ကျင်းပစဉ်။**
(ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သာဦးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရဲအုပ် မြစန်းဌေးတို့က မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများ အသိပညာပေး ဟောပြောခဲ့သည်)
**တင်ထွန်းတာ (တပ်ကုန်း)**



# မဟာဗန္ဓုလပန်းခြံအတွင်း သီတင်းကျွတ် ရိုးရာမီးထွန်းပွဲတော် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ယခုနှစ် သီတင်းကျွတ်ကာလတွင် ရိုးရာ မီးထွန်းပွဲတော်ကို ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံတွင်း၌ ကျင်းပမည်ဖြစ်ပြီး ဆီမီးအလှနှင့် အလှမီးပုံးများထွန်းညှိ၍ အလှဆင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"သီတင်းကျွတ်လပြည့် သုံးရက်ကို မဟာဗန္ဓုလ ပန်းခြံထဲမှာ မီးထွန်းမှာပါ။ ဆီမီးအလှနဲ့ အလှမီးပုံးတွေ ထွန်းသွားဖို့ စီစဉ်ထားပါတယ်။ မြို့တော်ခန်းမကတော့ ခါတိုင်းနှစ်တွေက ထွန်းသလိုပဲ ကိုယ့်ဌာနအနေနဲ့ မီးထွန်းပါမယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်(၄) ဒေါ်မေမေသွယ်က ပြောကြားသည်။

သီတင်းကျွတ်ရုံးပိတ်ရက်များဖြစ်သည့် အောက်တိုဘာ ၂၃ ရက်မှစတင်ကာ ၂၄ ရက်နှင့် ၂၅ ရက်အထိ မဟာ ဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်နှင့် ရေပန်းအကြား ဧရိယာတွင် အလှမီးပုံးများ ချိတ်ဆွဲခြင်းနှင့် ဆီမီးခွက်ထွန်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အလှမီးများထွန်းခြင်းကို ဘီအမ်ဘီ အင်တာပရိုက်စ်ဂရု(ပ်)က တာဝန်ယူစီစဉ်ကာ ပွဲတော်ကာလတစ်လျှောက် ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ထွန်းညှိမည်ဖြစ်ကြောင်း သိရသည်။



ယမန်နှစ် သီတင်းကျွတ်ကာလက မဟာဗန္ဓုလပန်းခြံ၌ မီးအလှဆင်ထွန်းညှိထားစဉ်။

မဟာဗန္ဓုလပန်းခြံအတွင်း မီးအလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် BMB Entertainment မှ ကိုအောင်ဖြိုးဝင်းက "ဒီပန်းခြံမှာက မီးအလှဆင်တာ သိပ်မရှိဘူး။ အခုနှစ်ကတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်နဲ့ ဆင်ဖြစ်သွားတာပါ။ အရင်က အိမ်တွေမှာ အလှဆင်သလို ပဲ မီးပုံးလေးတွေ၊ ကြယ်လေးတွေနဲ့ အလှဆင်သွားမှာပါ"ဟု ပြောကြားသည်။ လျှပ်စစ်မီးဖြင့် အလှဆင်ခြင်းသာမက ဆီမီးခွက်ရေ လေးသောင်းဖြင့်လည်း ပန်းခြံအတွင်း မီးအလှထွန်းညှိခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီတင်းကျွတ်လပြည့်နေ့ဖြစ်သော အောက်တိုဘာ ၂၄ ရက် ညတွင် မဟာဗန္ဓုလပန်းခြံရှေ့တွင် လူရွှင်တော် အာလူး၊ ဇောက်ထိုး၊ ဒိုပေါက်၊ စိမ်းလန်းနှင့် မင်းသမီး ဖွဲ့ရတီတို့ပါဝင်သော ဖွဲ့အငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း၊ မီးအလှထွန်းညှိခြင်းကို အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ထွန်းညှိမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်) ဓာတ်ပုံ - အာကာစိုး**

# ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ငါးတန်မွေးမြူထုတ်လုပ်ရန် ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာ့ငါးတန်ကို နိုင်ငံတကာဈေးကွက်ဝင် ငါးတန်အဖြစ် မွေးမြူထုတ်လုပ်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ တရုတ်နိုင်ငံမှ Nutriera ကုမ္ပဏီ၊ ထူးသစ်အစာတောင့်စက်ရုံနှင့် ငွေဇာပုလဲကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါး၊ ပုစွန်မွေးမြူသည့်တောင်သူများနှင့် လုပ်ငန်းရှင်များအား အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

**ငါးမွေးမြူရေးကဏ္ဍ ပြောင်းလဲရန်အချိန်**

ယခင်က မြန်မာနိုင်ငံမှ မွေးမြူထုတ်လုပ်တင်ပို့နေသော ငါးမြစ်ချင်းဈေးကွက်မှာ တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းလာချိန်တွင် ယခုလို ကမ္ဘာ့နိုင်ငံများက လက်ခံစားသုံးလျက်ရှိသည့် ငါးတန်ကို မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်ခြင်းဖြင့် ပြည်ပပို့ကုန် ဦးမော့လာစေရန် ရည်ရွယ်လျက် ငါးတန်မွေးမြူခြင်းနည်းပညာများကို ငါးမွေးမြူရေး တောင်သူများနှင့် လုပ်ငန်းရှင်များထံ ဆွေးနွေးချပြခြင်းဖြစ်ကြောင်း သိရသည်။ တွေ့ဆုံပွဲတွင် ငါးတန်မွေးမြူရာ၌ ဈေးကွက်ဝင်ငါးများထုတ်လုပ်နိုင်ရန်အတွက် အစာ၏အရေးပါပုံကို အစာနှင့်အာဟာရပညာရှင် ဒေါက်တာဦးဖေတင်က ဆွေးနွေးပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဌေးမြင့်ကလည်း နိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍပြောင်းလဲရန် အချိန်ကျရောက်လာပုံကို ရှင်းလင်းပြောကြားသည်။

"မြန်မာနိုင်ငံမှာ ငါးမွေးမြူတာ ဧကသိန်းနဲ့ချီရှိပေမယ့် စီးပွားဖြစ်တာ နည်းတာကို တွေ့ရမှာပါ၊ ဒါကြောင့် ပြောင်းလဲလုပ်ကိုင်ဖို့ အချိန်ရောက်လာပါပြီ၊ ပြည်ပကို ငါးတင်ပို့တဲ့အခါမှာ ယခင်လို ပိတ်ဆို့မှုတွေမရှိတော့တဲ့အတွက် ရရှိတဲ့အခွင့်အရေးမှာ ငါးကို ဖြစ်သလိုမွေး၊ ဖြစ်သလိုကျွေးပြီး တင်ပို့လို့မရပါဘူး၊ ISO စနစ်တွေအပါအဝင် အခြားစနစ်တွေပါမှ ရမှာပါ၊ အားလုံးနားလည်သဘောပေါက်ပြီး နိုင်ငံတကာကလက်ခံတဲ့ ငါးမျိုးစိတ်တွေကို ထုတ်လုပ်မွေးမြူရမှာပါ။ တစ်နှစ်ပတ်လုံးသားဖောက်လို့ရတဲ့ရာသီဥတု ရှိတဲ့အတွက် ပညာရှင်တွေကို နေရာပေးရမှာပါ။ ဗီယက်နမ်ဆိုရင် တစ်နှစ်ကို ၂ ဒသမ ၂ ဘီလီယံဖိုး ပြည်ပကို ငါးတန် တင်ပို့နေတာပါ။ စင်ကာပူ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားတို့ကလည်း ပြည်ပကို တင်ပို့နေပါတယ်။ အများဆုံးတင်ပို့တာ ဗီယက်နမ်ဖြစ်ပြီးတော့ မဲခေါင်မြစ်ဘေးမှာ မွေးမြူပြီး ထုတ်လုပ်နေတာပါ။ ကမ္ဘာ့နိုင်ငံများက စားသုံးနေတာကြောင့် အခြေခံကျတဲ့ငါးဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ စီးပွားဖြစ် မွေးမြူဖို့ အခွင့်အရေးကောင်းရရှိမှုအပေါ် ငါးမွေးမြူရေးတစ်ခေတ်ဆန်းသစ်ပြီး ပြောင်းလဲချိန်တန်၍ ပြောင်းလဲသင့်သော မြန်မာ့ငါးတန်ကိုမွေးမြူဖို့ပြောလိုပါတယ်" ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

**ငါးမွေးမြူခြင်းဖြင့် စီးပွားရေးဦးမော့**

ယခင်က အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဈေးကွက်ဝင် တီလားပီးယားနှင့် ငါးတန်ကို အချိုးညီစွာစားခဲ့ရာမှ ၂၀၁၇ ခုနှစ်မှစ၍ ငါးတန်ကို ပို၍စားလာသောကြောင့် ငါးတန်ဈေးကွက်သည် ပို၍ ကြီးမားကျယ်ပြန့်လာကာ မွေးမြူရေးတွင် အဆင့်မြင့်သော ဗီယက်နမ်နိုင်ငံက အခြားနိုင်ငံတို့ထက် ပိုမိုတင်ပို့နိုင်ခြင်းဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၂ ဘီလီယံ နိုင်ငံခြားငွေရရှိနေခြင်းဖြစ်သည်။ ဗီယက်နမ်မှ ပြည်ပနိုင်ငံပေါင်း ၁၀၀ သို့ ငါးတန်တင်ပို့ရာတွင် ၃၇ နိုင်ငံကို အဓိကတင်ပို့လျက်ရှိပြီး ထိုနိုင်ငံများထဲမှ ၁၀ နိုင်ငံကို အထူးတင်ပို့လျက်ရှိရာ ငါးမွေးမြူရေးလုပ်ငန်းဖြင့် ဗီယက်နမ်နိုင်ငံသည် စီးပွားရေးကဏ္ဍ ဦးမော့လာလျက်ရှိသည်။



**ဆွေးနွေးချက်များ**

ဆွေးနွေးပွဲ၌ ငါးတန်မွေးမြူရေးတွင် အဓိကကျသည့်အခန်းကဏ္ဍသုံးခုမှ တစ်ခုဖြစ်သည့် အစာကဏ္ဍနှင့်ပတ်သက်၍ အစာတောင့်ထုတ်လုပ်သော ထူးသစ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးဇော်လင်းက ငါးမွေးမြူရာတွင် ရေပေါ်အစာကျွေးခြင်း၏ အစာလေလွင့်မှု လျော့နည်းခြင်းကိုလည်းကောင်း၊ တရုတ်နိုင်ငံ Nutriera မှ ပညာရှင်များက ယနေ့ ငါးတန်ဈေးကွက်အခြေအနေ၊ မွေးမြူမှုအခြေအနေ၊ ထွက်ကုန်ပမာဏ၊ တန်ဖိုးမြှင့်ထုတ်လုပ်ပုံ၊ ကမ္ဘာ့ငါးတန်ဈေးကွက်နှင့် တရုတ်နိုင်ငံ၏ ငါးတန်ဈေးကွက်နှင့်အတူ မြန်မာ့ငါးတန်မွေးမြူခြင်းဖြင့် အခွင့်အရေးကောင်းများ ရရှိနိုင်မှု၊ ကမ္ဘာ့ဈေးကွက်သို့ အရည်အသွေးမီငါးတန်အဖြစ် တင်ပို့နိုင်ရန် ငါးတန်မွေးမြူမှုပုံစံ၊ ငါးအသားရောင်နှင့် ပတ်သက်သော အရောင်ခြယ်ပစ္စည်းများ၊ ငါးအသားရောင်ဖြူရန် မွေးမြူခြင်းနည်းပညာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကာ ငါးမွေးမြူသူများသိလိုသော အချက်များကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်၊ ထူးသစ်အစာတောင့်စက်ရုံမှ ဒါရိုက်တာဦးဇော်လင်း၊ မွေးမြူရေးလုပ်ငန်းရှင် ဦးခင်တိုးနှင့် တရုတ်နိုင်ငံမှ ပညာရှင်များက ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ရွှေပြည်သာစက်မှုဇုန်ရှိ ထူးသစ် အဆင့်မြင့်ငါးအစာတောင့်စက်ရုံတွင် ငါးစာများထုတ်လုပ်နေမှုကို ငါးမွေးတောင်သူများ၊ ငါးလုပ်ငန်းရှင်များနှင့် ပညာရှင်များက လေ့လာကြည့်ရှုခဲ့ကြသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## သတင်းတိုများ

### ရွှေတောင်မြို့၌ပြည်သူ့စကားဝိုင်းကျင်းပ

ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ တတိယပတ်အတွင်းက မီးလောင်ကျေးရွာအုပ်စု အင်္ဂလန်ဂါဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှငွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးဝမ်းလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်နိုင်စိုးနှင့် မြို့နယ်စားသုံးသူရေးရာတာဝန်ခံ ဦးအောင်နိုင်ဦးတို့က ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဒေသခံများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ပြန်/ဆက်**

### စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေး

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို အောက်တိုဘာ တတိယပတ်က မြို့နယ်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးကြီးစန်းလှိုင်(ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုအရာခံဗိုလ်(ငြိမ်း) ဦးမြင့်ရွှေတို့က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းများ၏ သားသမီး အခြေခံပညာနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ကျပ် ၂၁ သိန်းကျော်ကို ပေးအပ်ခဲ့သည်။

**သန့်ဇော်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၅ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၁၉၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပြည်ပသွားရောက် အလုပ်လုပ်မည့်သူများအတွက် အထောက်အကူပေးမည့် လမ်းညွှန်သင်တန်းများ

ခင်ရတနာ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ကြီးမှူး၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်)နှင့် (မန္တလေး)တို့တွင် သင်တန်းကြေးအခမဲ့ဖြင့် လက်ခံသင်ကြားပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

### ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် ရည်ရွယ်၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ကောင်းမွန်သင့်တော်သောအလုပ်အကိုင်များ ရရှိရန်၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာရေးဖြစ်ရန်၊ မှတ်ပုံတင်ထားသော အေဂျင်စီများဖြင့်သာ ချိတ်ဆက်သွားရောက်နိုင်ရန်၊ တရားမဝင်ပွဲစားများ ပပျောက်ရန်၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောကြားသည်။

"ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်မယ်၊ အလုပ်လုပ်ကိုင်တဲ့နိုင်ငံရဲ့ အလုပ်သမားဥပဒေပါခံစားခွင့်တွေ ရရှိမယ်၊ ကိုယ်ရောက်နေတဲ့နိုင်ငံတွင်းမှာ လွတ်လပ်စွာနဲ့ သွားလာခွင့်ရှိမယ်၊ လူကုန်ကူးခံရတာတွေ၊ လုပ်အားခေါင်းပုံဖြတ်ခံရတာတွေကနေ ကင်းဝေးနိုင်မယ်၊ ဖမ်းဆီးခံရတာတွေ၊ ပြည်နှင်ဒဏ်ခံရတာတွေ ကင်းဝေးမယ်၊ အလုပ်လုပ်ခွင့် သက်တမ်းကုန်သွားရင် လုံခြုံစိတ်ချစွာနဲ့ မိမိနိုင်ငံကိုပြန်လာနိုင်မယ်စတဲ့ အခွင့်အရေးတွေ ရလာနိုင်တာကို နိုင်ငံခြားသွားပြီးအလုပ်လုပ်မယ့်သူတွေအားလုံး သိစေချင်တယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

### သင်ကြားပို့ချသည့် အကြောင်းအရာများ

ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းတွင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ နိုင်ငံများ၏ ပထဝီ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ သိရှိသင့်သည့်အချက်များ၊ အလုပ်သမားရေးရာဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သိရှိသင့်သည့်အချက်များ၊ အလုပ်ရှင်-အလုပ်သမား သဘောတူစာချုပ်ပါအချက်များ၊ ဆက်သွယ် အကူအညီတောင်းခံရမည့်နေရာများ၊ ပြည်ပထွက်ခွာခြင်း၊ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်းတို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများကို တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိလည်းကောင်း၊ ကြာသပတေးနေ့မှ စနေနေ့အထိလည်းကောင်း တစ်ပတ်လျှင်နှစ်ကြိမ်ဖြင့် အခမဲ့ပို့ချပေးလျက်ရှိပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ၊ ကျန်းမာရေးကောင်းမွန်သည့် အမျိုးသား/အမျိုးသမီးများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းကာလ သုံးရက်ကို မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ကာ ပျက်ကွက်ပါက နောက်တစ်ကြိမ် တက်ရောက်ရမည်ဖြစ်ကြောင်း၊ အချိန်ပြည့် တက်ရောက်သူများကိုသာ သင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်ရရှိပြီးတစ်နှစ်အတွင်း ပြည်ပသို့သွားရောက်ခြင်းမရှိပါက သင်တန်းပြန်လည်တက်ရောက်ရမည်ဖြစ်သည့်အပြင် သင်တန်းပြီးသူများသည်သာ ကိုရီးယားနှင့် ထိုင်းနိုင်ငံမှလွဲ၍ အခြားပြည်ပနိုင်ငံများအားလုံးသို့ သွားရောက် အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။



ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတစ်ခု၌ သင်ကြားပို့ချနေစဉ်။

### အလုပ်သမားများ၏အကျိုးအတွက်

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အလုပ်သမားတွေက အရင်က ပြည်ပကို ထွက်ခွာခါနီးမှသာ လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်ရတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ အချိန်လုံလောက်မှုမရှိတာကို တွေ့ရပါတယ်၊ အခုအစီအစဉ်ကတော့ အလုပ်သမားများအနေနဲ့ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို မိမိတို့တက်လိုတဲ့အချိန် ကြိုတင်တက်ရောက်ခွင့်ရတဲ့အတွက် ပြည်ပကို သွားရောက်လုပ်ကိုင်ရန် လိုအပ်တာတွေကို အချိန်မီ ကြိုတင်ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ ဌာနအနေနဲ့ အလုပ်သမားတွေရဲ့အကျိုးအတွက် ဦးစားပေး စီမံဆောင်ရွက်တာဖြစ်သလို ပြည်ပသို့သွားရောက်လုပ်ကိုင်ဖို့ လက်တွေ့လိုအပ်ချက်တွေကို သင်ကြားပေးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

### အလုပ်သမားများ စေလွှတ်လျက်ရှိ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခံစားနိုင်စေရန်၊ လုပ်ခ/လစာနှင့် မိသားစုဝင်ငွေများ တိုးမြင့်လာစေရန်၊ လုပ်သားဈေးကွက်ကို မြှင့်တင်ပေးနိုင်ရန်၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံများမှ တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို ကောင်းမွန်စွာလေ့လာတတ်မြောက်ပြီး အဆိုပါကျွမ်းကျင်မှုများကိုအသုံးချ၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်၊ နိုင်ငံတော်၏လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများရှိ သင့်လျော်ကောင်းမွန်သည့်လုပ်ငန်းခွင်များသို့ အလုပ်သမားများ စေလွှတ်လျက်ရှိကြောင်းလည်း သိရသည်။

ဝန်ကြီးဌာနအနေဖြင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ လျော့နည်းပပျောက်စေရန်အတွက်လည်း ပြည်ပသို့ အများဆုံးသွားရောက်လုပ်ကိုင်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် MRC ရုံး ၁၂ ရုံး ဖွင့်လှစ်ကာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာများဖွင့်လှစ်ပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမားများ၏ သတင်းအချက်အလက်များကို ရယူခြင်းနှင့် ပြည်ပသို့ တရားမဝင်ထွက်ခွာနေမှုများကို တားဆီးခြင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaints Mechanism Center များဖွင့်လှစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ တိုင်ကြားမှုများနှင့် စုံစမ်းမေးမြန်းမှုများကို ၂၄ နာရီ လက်ခံပေးခြင်း၊ ကိုရီးယား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ကာ မြန်မာအလုပ်သမားများ၏ အရေးကိစ္စများကို ကူညီဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြည်ပနိုင်ငံများသို့သွားရောက်ကြမည့် အလုပ်သမားများအနေဖြင့် Passport for Job(PJ) ဖြင့်သာ သွားရောက်အလုပ်လုပ်ကိုင်ကြစေရန် စီစဉ်ထားကြောင်းလည်း သိရသည်။

### နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ၎င်းတို့သည် နိုင်ငံ၏ လုပ်အားသယံဇာတများဖြစ်ရာ နိုင်ငံတော်က ရွှေ့ပြောင်းအလုပ်သမားများအား မထွက်ခွာမီ၊ ပြည်ပတွင်လုပ်ကိုင်နေစဉ်အတွင်းနှင့် မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိခြင်းစသည့် လုပ်ငန်းစဉ်အားလုံးတွင် အလုပ်သမားများ၏အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ရောက်ရှိလာပြီးနောက်တွင် ရရှိလာသည့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လာစေခြင်း၊ ပြည်ပမှလွှဲပို့လာသည့် မိသားစုလွှဲပို့ငွေများကို လျင်မြန် အဆင်ပြေချောမွေ့စွာ ရောက်ရှိစေခြင်းနှင့် နိုင်ငံတော်၏ အလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်စေခြင်းတို့ဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်သည့် လုပ်ငန်းစဉ်များထဲတွင် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများသည် ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြည်ပသို့ထွက်ခွာချိန်တွင်လည်းကောင်း၊ ပြည်ပ၌အလုပ်လုပ်ကိုင်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုမည့် လိုအပ်သည့်သင်တန်းတစ်ခုဖြစ်၍ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူအားလုံး တက်ရောက်သင့်ကြသော သင်တန်းများဖြစ်ပေသည်။ ။



ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ပြင်ဆင်နေကြသည့် လူငယ်များ။

**"ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်မယ်၊ အလုပ်လုပ်ကိုင်တဲ့နိုင်ငံရဲ့ အလုပ်သမားဥပဒေပါခံစားခွင့်တွေ ရရှိမယ်၊ ကိုယ်ရောက်နေတဲ့နိုင်ငံတွင်းမှာ လွတ်လပ်စွာနဲ့ သွားလာခွင့်ရှိမယ်၊ လူကုန်ကူးခံရတာတွေ၊ လုပ်အားခေါင်းပုံဖြတ်ခံရတာတွေကနေ ကင်းဝေးနိုင်မယ်၊ ဖမ်းဆီးခံရတာတွေ၊ ပြည်နှင်ဒဏ်ခံရတာတွေ ကင်းဝေးမယ်၊ အလုပ်လုပ်ခွင့် သက်တမ်းကုန်သွားရင် လုံခြုံစိတ်ချစွာနဲ့ မိမိနိုင်ငံကိုပြန်လာနိုင်မယ် စတဲ့ အခွင့်အရေးတွေ ရလာနိုင်တာကို နိုင်ငံခြားသွားပြီးအလုပ်လုပ်မယ့်သူတွေအားလုံး သိစေချင်တယ်"**

# လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ငပုတော၌ပြုလုပ်

**ငပုတော အောက်တိုဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ငပုတောမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း၏ မြို့နယ်စီမံကိန်းရေးဆွဲရေးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ငပုတောမြို့ရှိ သီရိရော မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ တတိယပတ်အတွင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်းက ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ ငပုတောမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈၃ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများ၊ စီမံကိန်းဝန်ထမ်းများ စုစုပေါင်း အင်အား ၄၀၀ ခန့်က လူထုဗဟိုပြုစီမံကိန်း၏ မြို့နယ်စီမံကိန်းရေးဆွဲရေးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်**

- **အကျုံးဝင်သည့်အခွန်ထမ်းပုဂ္ဂိုလ်များ**
  - * ဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အနုပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်စသည့်ပညာရှင်များပါဝင်ပါသည်။
- **အကျုံးဝင်သည့်ဝင်ငွေများ**
  - * အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ အနုပညာရှင်၊ စာရင်းစစ်စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
  - * အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ်ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
  - * မိမိတတ်ကျွမ်းသည့် ပညာကိုအခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်) လစဉ်ပုံသေလုပ်ခသို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ 'လစာ'မှ ဝင်ငွေသာ ဖြစ်သည်။
- **အခွန်နှုန်း**။ ၁-၄-၂၀၁၈ရက်မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ-၆အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက်ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ရာခိုင်နှုန်း |

- **စာရင်းထားရှိခြင်း**။ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့်ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။
- **ဝင်ငွေတွက်ချက်ခြင်း**။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန်ကုန်ကျစရိတ်များနှင့်ပစ္စည်းတန်ဖိုး လျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီးသတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကိုနုတ်ပယ်ခွင့် မရှိပါ-
  - * မတည်စရိတ်
  - * ကိုယ်ရေးကိုယ်တာစရိတ်
  - * လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကိုအရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ကုန်ကျစရိတ်များမတူကွဲပြားကြပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့်ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။
- **အခွန်တွက်ချက်ခြင်း**။ အောက်ဖော်ပြပါနမူနာဖြင့်ရှင်းလင်းအပ်ပါသည်-

ဦးကျော်သည်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ်ငါးသိန်းရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅သိန်းရရှိပြီး ခရီးသွားလာစရိတ်ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၅သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန်မန်နေဂျာတစ်ဦးတစ်လကျပ်လေးသိန်းဖြင့် ၄၈သိန်း၊ အထွေထွေစရိတ် တစ်သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင်ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅သိန်းရရှိသော်လည်း အသုံးစရိတ်များနုတ်ပယ်ပြီးသည့်အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆သိန်းရရှိသည်ကိုတွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်-

| | | (ကျပ်) |
|---|---|---|
| သရုပ်ဆောင်ခဝင်ငွေစုစုပေါင်း | | = ၅၄၅၀၀၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | |
| ခရီးသွားလာစရိတ် | =၃၅၀၀၀၀၀ | |
| အလှပြင်စရိတ် | =၁၅၀၀၀၀၀ | |
| အဝတ်အထည်စရိတ် | =၁၀၀၀၀၀၀ | |
| အထွေထွေစရိတ် | =၁၀၀၀၀၀ | |
| မန်နေဂျာလစာ | =၄၈၀၀၀၀၀ | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | =၁၀၉၀၀၀၀၀ |
| အသားတင်ဝင်ငွေ | | =၄၃၆၀၀၀၀၀ |
| အသားတင်ဝင်ငွေ | | =၄၃၆၀၀၀၀၀ |
| (နုတ်)သက်သာခွင့်များ | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏၂၀ရာခိုင်နှုန်းဖြင့်) | =၈၇၂၀၀၀၀ | |
| (ခ) အိမ်ထောင်ဖက်အတွက် | =၁၀၀၀၀၀၀ | |
| (ဂ) အိမ်ထောင်သည်သားအတွက် | =ခွင့်မပြု | |
| (ဃ) ကျောင်းသူသမီးအတွက် | =၅၀၀၀၀၀ | |
| | | =၁၀၂၂၀၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | =၃၃၃၈၀၀၀၀ |
| ၁ကျပ်မှ ၃၀၀၀၀၀၀၀ထိ အဆင့်ဆင့်စုစုပေါင်း | | =၄၁၅၀၀၀၀ |
| ၃၀၀၀၀၀၀၁ကျပ်မှ ၃၃၃၈၀၀၀၀ထိကျန် ၃၃၈၀၀၀၀အတွက်၂၅ရာခိုင်နှုန်း | | =၈၄၅၀၀၀ |
| စုစုပေါင်းကျသင့်အခွန် | | =၄၉၉၅၀၀၀ |

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်ဖြင့် ဘဏ္ဍာနှစ်အလိုက်အခွန်ကောက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာနှစ် | အခွန်ထမ်းအရေအတွက် | ကောက်ခံရရှိမှု(ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၁၇၂၉၉ဦး | ၁၆၂၁.၆၃၂ |
| ၂ | ၂၀၁၇-၂၀၁၈ | ၁၇၅၃၁ဦး | ၁၉၅၈.၅၇၂ |

**ပညာရှင်များအနေဖြင့် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ရမည့်ဝင်ငွေခွန်များကို သက်ဆိုင်ရာ အခွန်ရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ထမ်းဆောင်ကြပါရန်** တိုက်တွန်းနှိုးဆော်အပ်ပါသည်။ လာမည့်ဘဏ္ဍာနှစ်များတွင် ကဏ္ဍအလိုက် အခွန်ထမ်းဆောင်ကြသည့် ပညာရှင်များနှင့်ပေးဆောင်သည့်အခွန်ပမာဏကို သက်ဆိုင်ရာမြို့နယ်များအလိုက် ကြေညာသွားမည်ဖြစ်ပါသည်။

- မရှင်းလင်းသည်များကို သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (နေပြည်တော်)ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂(သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား ဖုန်း-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၂/၂၀၁၈-၂၀၁၉)

လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၀၊ ရေကြည်မြို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို ဒုတိယအကြိမ် လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**မှတ်ချက်**။ ။ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်အဖြေလွှာ (Test Result)ပါရှိမှသာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၈၊ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
(ခ) **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** - ၁၅-၁၁-၂၀၁၈၊ ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈၊ နံနက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ ၂၀၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

လိုအပ်သည့်ပစ္စည်းများ၏ ဝယ်ယူလိုသည့်အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းအထူးအဖွဲ့ ၂၀၊ ရေကြည်မြို့၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၇-၁၁-၂၀၁၈ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဝန်ကြီးဌာန ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်ငန်းများအားဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့ကို ပြည်တွင်းသုံးငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

| | | | |
|---|---|---|---|
| (၁) | Computer (Branded) | 389 | Nos |
| (၂) | Printer (Black & White) (A4) | 377 | Nos |
| (၃) | Colour Printer | 33 | Nos |
| (၄) | Scanner | 178 | Nos |
| (၅) | Spare Parts for Topcon Total Station | 1 | Lot |
| (၆) | Spare Parts for RTK GPS Reciver | 1 | Lot |
| (၇) | Spare Parts for RTK GPS Controller | 1 | Lot |
| (၈) | External Harddisk 500 GB | 150 | Nos |
| (၉) | Total Station | 60 | Nos |
| (၁၀) | Server | 3 | Nos |
| (၁၁) | Orthophoto Processing Software for UAV | 1 | Unit |
| (၁၂) | Auto CAD Software | 1 | Unit |
| (၁၃) | Satellite Imagery | 5000 | Sq.Km |

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများကို ၂၉-၁၀-၂၀၁၈ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၅-၁၁-၂၀၁၈ ရက် ညနေ ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်လက်ခံရေးကော်မတီ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၀၉၊ ၀၆၇-၄၁၀၃၀၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၈ဃ/၂၃၄၁၄ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆလိုင်းသန်းငွေ ၉/လဝန(နိုင်)၀၃၄၇၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၅၅၃-ဘီ)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ ဒေါ်ညိုရင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးချုးပိုင်ကိုကို (ဘ)ဦးခင်မောင်လွင် ၉/ပမန(နိုင်)၂၀၀၆၉၉မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၁၅၅/၂၀၁၈)၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက် သဘောတူ ကတိဝန်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၅၅၃-အေ)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးသန်းအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇူးပြည့်ညီညီ (ဘ)ဦးခင်မောင်လွင် ၉/ပမန(နိုင်)၁၉၈၄၄၉မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၁၅၆/၂၀၁၈)၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက် သဘောတူ ကတိဝန်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## မွေးနေ့ဆုတောင်း

၂၂-၁၀-၂၀၁၈ ရက်တွင် ကျရောက်သော ဒေါက်တာသွယ်သွယ်ဟန်၏ (၂၅)နှစ်မြောက် ငွေရတုမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် အေးချမ်းပျော်ရွှင်ပြီး အောင်မြင်တဲ့ ဘဝကို ဖြတ်သန်းနိုင်ပါစေ။

ဆုမွန်ကောင်းတောင်းလျက်-

**ဒေါက်တာဝင်းထွဋ်ကျော်**

---

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ**
## လျှောက်ထားကြောင်း အကြောင်းကြားစာ
**အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ -၃၇၃**
**ပြည်ခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁**

**ကွယ်လွန်သူ ရွှေတောင်မြို့နယ် နွားမယံအုပ်စု၊ ဆင်မကြပ်ကျေးရွာရှိ ရှင်လိုင်ဂူ၊ ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာကျောင်း၊ ကျောင်းထိုင်ဆရာတော် ဦးကုန္ဒာသီရိ၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း**

**ဦးပညာဝံသ (၉)အမရ(၁၁)၁၀၂၅၆၈၊ ရှင်လိုင်ဂူ၊ ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာကျောင်းတိုက် ကျောင်းထိုင်ဆရာတော်**

ရွှေတောင်မြို့နယ်၊ နွားမယံအုပ်စု၊ ဆင်မကြပ်ကျေးရွာရှိ ရှင်လိုင်ဂူ၊ ရွှေပြည်ငြိမ်းအေး ဓမ္မရိပ်သာကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးပညာဝံသက ကွယ်လွန်သူ ဦးကုန္ဒာသီရိ၏ အရိုက်အရာကို ဆက်ခံတော်မူရန် ယခင်ဆရာတော်ကြီး ဦးကုန္ဒာသီရိ ပဓာနနာယကဆရာတော် ဦးနေမိန္ဒ၊ စာချဆရာတော် ဦးဝိစိတ္တတို့မှ သာသနာ့အမွေဆက်ခံရန် ၁၇-၅-၂၀၁၈ရက်က စာချုပ်ချုပ်ဆို လွှဲပြောင်းပေးခဲ့ပါသည်ဟူ၍ ကွယ်လွန်သူ ဦးကုန္ဒာသီရိ ကျန်ရှိရစ်သော ပစ္စည်းပိုင်အနက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိရှိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကုန္ဒာသီရိ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူလူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၄ ရက် (၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးညာဝံသ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ် ရသင့်/မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေထွန်းထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြည်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၁၁၁၊ ဧရိယာ၀ဒသမ၀၉၀ဧကအား ဦးခင်မောင်မြင့် (ဘ)ဦးမောင်ကို ၉/ တကန(နိုင်)၀၀၇၀၂၈မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၂၄၁/၂၀၁၈၊ ဝိုင်းခြံမြေပေးကမ်းခြင်း အရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၂-၁၁- ၂၀၁၈ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဂန္ဓမာစက်မှုကွက်သစ်၊ ဦးပိုင်အမှတ်(၂၁)မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေသည် မူလတွင် ဦးအောင်တင်အမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဦးစိန်ဝင်းအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-A)၊ အောင်ဇေယျအိမ်ရာ၊ မြေကွက်အမှတ်-၂၀၅၊ အကျယ်(၂၅၃၀၈)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၅၈၁ ဧကရှိ ပါမစ်မြေကွက်မှ ဦးကျော်ထွန်းအောင်အမည်ဖြင့် နှစ်(၆၀)ဂရန်သစ်အား ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လျှောက်ထားဆဲမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သမီးဖြစ်သူ ဒေါ်အိမ့်အိမ့်အောင် ၁၂/စခန(နိုင်)၀၅၅၇၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်မြစ်ပေါ်ရှိ ပုဂံသင်္ဘော M.V PANG (သင်္ဘောမှတ်ပုံတင်အမှတ် -၁၁၆၁/၁၉၇၉)အား အလုံးစုံပိုင်ဆိုင်ရန်အတွက် ဒေါ်ကြူကြူဆွေ ၁၂/မဂတ(နိုင်)၀၀၆၅၁၀ထံမှ အပြီးအပိုင်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ် ဦးသန်းထိုက် ၁၂/လမန(နိုင်)၁၆၉၂၇၉ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါသင်္ဘောနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်ထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက သင်္ဘောအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးသန်းထိုက် ၁၂/လမန(နိုင်)၁၆၉၂၇၉**
**အမှတ်(၇၃၄)၊ ပြည်တော်သာပတ်လမ်း၊ ၁၀/၃၃ ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၃၁၁၅၅၀၈**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်၊ ၀၂/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၈-၂၀၁၉**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့အတွက် လိုအပ်သော ဒီဇယ်ဆီများအား စီမံကိန်းလုပ်ငန်းခွင်အရောက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား D.D.P(at Site) မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၅-၁၁-၂၀၁၈ ရက် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၂-၁၀-၂၀၁၈ ရက်မှစတင်၍ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**

## ၂၀၁၈ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"အသိဖြင့် ပြည်သူလူထုအကြား၊ အားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုအနေဖြင့် ကျန်းမာကြံ့ခိုင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ သက်တမ်းစေ့နေထိုင်ရေးတို့အတွက် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပြုလုပ်သော အလေ့အကျင့်ရှိရန်လည်းကောင်း ကိုယ်လက်လှုပ်ရှားခြင်းဖြင့် လူအများတွင်ဖြစ်ပွားမှု အများဆုံးဖြစ်သော မကူးစက်သောရောဂါများကင်းဝေးမှုကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို သိရှိစေရန်လည်းကောင်း၊ ကျန်းမာကြံ့ခိုင်လာသည်နှင့်အမျှ ဆေးကုသခြင်းကင်းဝေး၍ စရိတ်သက်သာပြီး ပျော်ရွှင်စိတ်ချမ်းမြေ့သော မိသားစုဘဝ ရရှိမည်ဖြစ်ကြောင်း သိရှိစေရန်လည်းကောင်း၊ အားကစားနှင့်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းသည် အနာဂတ်ဘဝတွင် ပိုမိုကျန်းမာပျော်ရွှင်သော လူသားတစ်ဦးအဖြစ် ရရှိစေရန် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း သိရှိစေရန်လည်းကောင်း၊ အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူနေမှုအဆင့်အတန်းမရွေး ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရေးအတွက် အားကစားစီမံကိန်းများချမှတ်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရန်လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားခြင်းမှတစ်ဆင့် အားကစားအောင်မြင်မှုရရှိအောင် ကြိုးစားခြင်းသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားလုပ်ငန်းစဉ်များနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိရေးအတွက် အားကစားစိတ်ဓာတ်သည် အရေးပါကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ၊ အားကစားနှင့်ပညာရေးပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အား စည်းရုံးဆွဲဆောင်နိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအသိဖြင့် ပြည်သူလူထုအကြား အားကစားလှုပ်ရှားမှုအထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။

ဆောင်းပါးပြိုင်ပွဲအတွက် အောက်ပါခေါင်းစဉ်များနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ပါသည်-

(၁) ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး
(၂) ကျန်းမာစေကြောင်း နည်းလမ်းကောင်း၊ စုပေါင်းဆင်နွှဲ လူထုလမ်းလျှောက်ပွဲ
(၃) နိုင်ငံအားကစားမြှင့်တင်ရန် လူထုအားကစားအခြေခံ
(၄) မူးယစ်ဆေးဝါးပပျောက်ရေး အားကစားနှင့်ကုစားပေး
(၅) ကျန်းမာရေးအသိ အစဉ်ရှိ၍ ဗလငါးတန်ဖွံ့ဖြိုးရေးစဉ်ဆက်မပြတ်ဆောင်ရွက်ပေး
(၆) အားကစားနှင့်ပညာရေး ပူးပေါင်းလက်တွဲ ဆောင်ရွက်ပေး
(၇) နုပျိုသက်ရှည်ကျန်းမာရေး ကိုယ်လက်လှုပ်ရှားအလေ့ပေး
(၈) အားကစားစိတ်ဓာတ်အကြောင်း သိကောင်းစရာ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanmar 3 Font, Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း၊ ရှစ်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanmar 3 Font, Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanamr3 Font, Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ နှစ်မျက်နှာထက်မနည်း၊ သုံးမျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"×၁၂" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၈ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၈ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၁)သို့ လိပ်မူကာပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များ အားလုံးထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြပါရန် ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့်ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ် (၈)သိန်း၊ ဒုတိယဆုအား ကျပ် (၇)သိန်း၊ တတိယဆုအား ကျပ် (၆)သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ် (၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း-၀၆၇-၈၁၀၄၃၃၄၊ ၀၆၇-၈၁၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ်(၁/၂၀၁၈)**

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ပြည်နယ်ရုံး(၁)ရုံးဆောက်လုပ်ရန် (ခြံစည်းရိုးကာရံခြင်း၊ မြေဖို့ခြင်းလုပ်ငန်း၊ ကားဂိုဒေါင်အပါအဝင်) ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၉-၁၀-၂၀၁၈ရက်မှ ၉-၁၁-၂၀၁၈ရက်အထိ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၃၀-၁၁-၂၀၁၈ ရက် (၁၆း၃၀)နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၇-၁၂-၂၀၁၈ ရက် (၁၀း၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၅၈-၂၂၆၈၃၊ ၂၃၄၄၀၊ ၂၁၄၁၄ တို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၈-၂၃၄၄၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်နှင့်လမ်းအထူးအဖွဲ့ (၉)၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။ လမ်းအထူးအဖွဲ့ (၉) မှ Mini Bored Pile စက်အား (မြန်မာကျပ်ငွေဖြင့်) ငှားရမ်းလိုပါသည်။

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်** | - အမှတ်စဉ် (၁) (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်) |
| ၁။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** | - ၂၂-၁၀-၂၀၁၈ရက်မှ ၆-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ၁၆း၀၀နာရီအထိ ရုံးချိန်အတွင်း |
| ၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ ဖုန်း-၀၈၆-၄၅၄၀၇၊ ၀၉-၄၂၄၄၅၇၆၇၈ |
| ၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၇-၁၁-၂၀၁၈ရက်၊ ၁၆း၃၀နာရီ |
| ၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၈-၁၁-၂၀၁၈ရက်၊ ၀၉း၀၀နာရီ |
| ၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ |

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့ (၆)၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလ အထိ) ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်** | - အမှတ်စဉ် (၁) (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်) |
| ၁။ **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၂-၁၀-၂၀၁၈ ရက်မှ ၅-၁၁-၂၀၁၈ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀နာရီအထိ ရုံးချိန်အတွင်း |
| ၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** | - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့ (၆)၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့၊ ၀၈၂-၂၂၀၂၆၁၉ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ၀၈၂-၄၀၀၄၉ |
| ၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၆-၁၁-၂၀၁၈ရက်၊ ၁၆း၃၀နာရီ |
| ၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၇-၁၁-၂၀၁၈ရက်၊ ၀၉း၀၀နာရီ |
| ၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ |

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော ကျောက်မျိုးစုံနှင့်လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်** | - အမှတ်စဉ်(၁)(၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်) |
| ၁။ **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၂-၁၀-၂၀၁၈ ရက်မှ ၆-၁၁-၂၀၁၈ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ ရုံးချိန်အတွင်း |
| ၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ |
| ၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၈-၁၁-၂၀၁၈ ရက် (၁၆း၃၀)နာရီ |
| ၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၉-၁၁-၂၀၁၈ ရက် (၀၉း၀၀)နာရီ |
| ၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ |

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ် ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ(၁၂)ရက်နေ့မှ စတင်ဝယ်ယူပါမည်-

(က) **မွန်ပြည်နယ်**
(၁) မော်လမြိုင်
(၂) သထုံ
(၃) ပေါင်
(၄) မုဒုံ
(၅) သံဖြူဇရပ်
(၆) ချောင်းဆုံ
(၇) ကျိုက်မရော
(၈) ရေး
(၉) ဘီးလင်း
(၁၀) ကျိုက်ထို

(ခ) **ရန်ကုန်တိုင်းဒေသကြီး**
(၁) သံလျင်
(၂) ခရမ်း
(၃) လှည်းကူး
(၄) တိုက်ကြီး
(၅) ထန်းတပင်

(ဂ) **ရခိုင်ပြည်နယ်**
(၁) စစ်တွေ
(၂) ကျောက်တော်
(၃) မြောက်ဦး
(၄) မင်းပြား
(၅) ရသေ့တောင်
(၆) ကျောက်ဖြူ
(၇) တောင်ကုတ်

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီး**
(၁) ကန့်ဘလူ
(၂) ကသာ
(၃) တန့်ဆည်
(၄) ဝန်းသို
(၅) ကလေး
(၆) ရွှေဘို
(၇) ရေဦး
(၈) ခင်ဦး
(၉) ဒီပဲယင်း

(င) **ပဲခူးတိုင်းဒေသကြီး**
(၁) အုတ်တွင်း
(၂) ဖြူး
(၃) ကျောက်တံခါး
(၄) ညောင်လေးပင်
(၅) ဒိုက်ဦး
(၆) သနပ်ပင်
(၇) ရေတာရှည်
(၈) တောင်ငူ

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါ နေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၂၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဤတက္ကသိုလ်မှ ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ မဟာဒဿနဘွဲ့၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ရရှိသူများနှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။
(၂) လျှောက်လွှာပိတ်ရက်မတိုင်မီ တစ်လအတွင်း ရိုက်ကူးထားသော (၂လက်မ × ၁ဒသမ ၅လက်မ) ရောင်စုံဓာတ်ပုံ (၃)ပုံနှင့်နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပါရှိရမည်။
(၃) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြလျက် ပါမောက္ခချုပ်ထံလိပ်မူ၍ လျှောက်လွှာရှင် အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့် ခုနှစ်နှင့်လတို့ကို တိကျစွာဖော်ပြရမည်။
(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟုတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၅) ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။
(၆) ဘွဲ့ဝတ်စုံငှားရမ်းလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းပြီးကြောင်း ငွေရပြေစာ တင်ပြလျက် ဤတက္ကသိုလ်တွင် ဘွဲ့ဝတ်စုံများကို ၁၉-၁၂-၂၀၁၈ ရက်မှစ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။
(၇) ၂၀၁၇ ခုနှစ် မတိုင်မီဘွဲ့ရရှိသူများ အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။
(၈) ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်ရက်** | - ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | - နံနက် ၇း၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| **ဘွဲ့နှင်းသဘင်ကြေး(တက်ရောက်)** | - ကျပ် ၁၅၀၀ |
| **ဘွဲ့နှင်းသဘင်ကြေး(အဝေးရောက်)** | - ကျပ် ၁၀၀၀ |
| **အစမ်းလေ့ကျင့်ရက်** | - ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၂ရက် (စနေနေ့) |
| **အစမ်းလေ့ကျင့်အမည့်အချိန်** | - မွန်းလွဲ ၁း၀၀နာရီ |
| **လျှောက်လွှာပိတ်ရက်** | - ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ရက် (သောကြာနေ့) |

(၉) အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၆၆၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(နွယ်နွယ်စိုး)**
**မော်ကွန်းထိန်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/7465 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဥက္ကဋ္ဌရုံးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်၊ ရုံးအမှတ်(၁၇) အနေဖြင့် ဧည့်နားနေဆောင် ပေ(၉၀×၂၀×၉)တစ်လုံးတည်ဆောက်ခြင်း၊ ရုံးသုံး စက်ကိရိယာ (၁၉)မျိုးနှင့် ရုံးသုံးပရိဘောဂ(၁၀)မျိုး ဝယ်ယူခြင်းတို့ကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၁၀-၂၀၁၈ ရက်မှ ၃၁-၁၀-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးလုပ်ငန်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများအတွက် တစ်စောင်လျှင် ငွေကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းအတွက် ၁-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂအတွက် ၂-၁၁-၂၀၁၈ရက် (သောကြာနေ့)တို့တွင် လျှောက်လွှာများလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းကို တစ်ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသူများသည် မိမိတို့၏ လုပ်ငန်း/ပစ္စည်းအမျိုးအစားအလိုက် တင်ဒါတန်ဖိုး၏ ၁% တင်ဒါအာမခံစပေါ်ငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ အမည်ဖြင့် Payment Order ပြုလုပ်ပြီး မူရင်းနှင့် မိတ္တူတစ်စောင်ကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်။

၄။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၄၅၈၊ ၃၄၀၉၄၅၈ နှင့် ၀၆၇-၄၀၉၂၄၉၊ ၃၄၀၉၂၄၉ တို့တွင် ဆယ်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**နေပြည်တော်**

## အသိပေးကြေညာခြင်း

၂၁-၉-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာန၊ လက်အောက်ရှိ မြို့နယ်များ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သည့် ကတ္တရာနှင့် ကျောက်မျိုးစုံဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ် ယူဆောင်ရွက်ခဲ့ရာတွင် တင်ဒါစိစစ်ရွေးချယ်မည့်နေရာအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်း ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၌ ၃-၁၂-၂၀၁၈ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ်-၁/၂၀၁၈-၂၀၁၉)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လက်အောက်ရှိ မြို့နယ်များတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းမျိုးစုံအား သက်ဆိုင်ရာ လမ်းပိုင်းအလိုက် အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**မှတ်ချက်**။ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်ပါရှိမှသာ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၈ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၁၁-၂၀၁၈ရက် ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့

